ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (22-1-2006) (၄၈၄၈)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပင် ကိုင်းပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ကြက်ဆူပင်စိုက်ပျိုးပေး

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် သစ်တောဇုန်ရှိ သစ်တောပညာပေးပြခန်းအနီး မြက်ခင်းပြင်၌ ကျင်းပသည့် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက် ချီးမြှင့်ပြီး ကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် သစ်တောဇုန်ရှိ သစ်တောပညာပေး ပြခန်းအနီး မြက်ခင်းပြင်၌ ကျင်းပသည့် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ ရောက်ရှိလာရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)တို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

Internet 1 1/5/32, 2:03 PM

ကြေးမုံ The Mirror
၂၂-၁-၂၀၀၆
(တနင်္ဂနွေနေ့)

တိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်အောင် သင်ကြား ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေး လေ့ကျင့်ပျိုးထောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသော ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်။ တိုင်းရင်းသားများသည် နိုင်ငံတော်အတွင်း လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ နယ်မြေဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးများအားလုံးသည် ရှေးပဝေသဏီကာလမှသည် ယနေ့အထိ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ခိုင်ခိုင်မြဲမြဲ လက်တွဲနေထိုင်ခဲ့သော လူမျိုးများဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအကြား ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာနေမှသာ ပြည်ထောင်စု၏ နယ်နိမိတ်သည် ထာဝရတည်တံ့ခိုင်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် အစဉ်ထာဝရ တည်မြဲနေမည်ဖြစ်သည်။ ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်သည်။

ထို့အတူ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများက ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံမင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်း အမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာတွင်–

"မောင်တို့မယ်တို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပြုစုပျိုးထောင် မွေးထုတ်ပေးလိုက်သော ပညာရေးဝန်ထမ်းများ ဖြစ်သည်နှင့်အညီ တာဝန်ကျရာ ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ ပညာတတ်ကျွမ်းအောင်၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး အတွက် အခြေခံလိုအပ်ချက်များကို ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းထမ်းဆောင်ပေးနိုင်သော ဆရာ၊ ဆရာမများ ဖြစ်ကြပါစေ"

ဟူ၍ ပြောကြားသွားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များအားလုံး ပညာတတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရေးအတွက် အဓိကရည်ရွယ် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ယခင်က တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဆင့်ဖြင့် သင်တန်းဆင်းမူလတန်းဆရာများ မွေးထုတ်ခဲ့ရာမှ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရေးဘွဲ့ရ ပညာတတ်များဖြစ်လာစေရေး ရည်ရွယ်လျက် တက္ကသိုလ်အဆင့် တိုးမြှင့်ပေးထားခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်တည်ဆောက်လျက်ရှိရာ၌ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိရာ နိုင်ငံတော်တစ်ဝန်း၌ နိုင်ငံသားတိုင်း အဆင့်မြင့်ပညာ သင်ယူခွင့်ရရှိစေရန် စီမံဆောင်ရွက်ပေးလျက် ရှိသည်။ ယခုအခါ အဆင့်မြင့်ပညာ သင်ယူနိုင်မှုအခွင့်အလမ်းများကို ပြည်ထောင်စုတစ်ဝန်း ဖြန့်ကြက်ထူထောင်ပေးထားပြီး ဖြစ်ရာ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာနေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းဆင်း ဆရာ၊ ဆရာမများအနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား ပညာတတ်မြောက်ရေး၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက် သင်ကြားလေ့ကျင့်ပျိုးထောင်ပေးရင်း အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးတွင် ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းထမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်

လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးတက်ဖြစ်ထွန်းလာ

မြန်မာနိုင်ငံသည် ရေမြေသဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ထုတ်ယူသုံးစွဲမကုန်သည့် ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ပြီး လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်လျက်ရှိသကဲ့သို့ ကုန်းတွင်းဒေသနှင့် ကမ်းလွန်ဒေသများမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကိုလည်း ထုတ်ယူ၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံအတွက် နေ့စဉ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ၄၀ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများမှ ၆၀ရာခိုင်နှုန်း ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည်။ ယင်းသို့ ဖြန့်ဖြူးပေးလျက်ရှိရာတွင် ရေအားသုံးလျှပ်စစ်ဓာတ်အားများကို အခြေခံစွမ်းအင်အဖြစ် သုံးစွဲပြီး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားများကို အကူစွမ်းအင်အဖြစ် အသုံးပြုလျက်ရှိသည်။

သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှု သက်သာစေရန်အတွက် သဘာဝဓာတ်ငွေ့မှ စွန့်ပစ်သည့်အပူရှိန်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းများတွင် တွဲဖက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သဘာဝမြေသယံဇာတမှ ထွက်ရှိသည့် ကျောက်မီးသွေး တွင်းထွက်လောင်စာများကို အသုံးပြုပြီး တီကျစ်ဒေသတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပေးထားသည်။

လျှပ်စစ်စွမ်းအားရရှိရေးအတွက် ကဏ္ဍအသီးသီးမှ ဖြည့်ဆည်းပေးလျက်ရှိရာ ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

မဟာဓာတ်အားလိုင်း စနစ်မှ အလှမ်း ကွာဝေးသောဒေသများနှင့် နယ်စပ် ဒေသများတွင် အသေးစား၊ အကြီးစားဒီဇယ်လျှပ်စစ်ဓာတ်အားပေး စက်ရုံများကို တည်ဆောက်ပေးထားသည်။

ယခုအခါ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ထောက်ကူပေးနိုင်ရန်အတွက် လေအားလျှပ်စစ်၊ စွန့်ပစ်လောင်စာသုံး လျှပ်စစ်၊ ဇီဝလောင်စာသုံး လျှပ်စစ်နှင့် ဇီဝဒီဇယ်ဆီသုံး လျှပ်စစ်ဓာတ်အားပေးစက်များကို ဒေသအနှံ့တွင် တွင်ကျယ်စွာ အသုံးပြုကြကာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

တပ်မတော် အစိုးရလက်ထက်တွင် လျှပ်စစ်စွမ်းအားရရှိရေးအတွက် ကဏ္ဍအသီးသီးမှ ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသအနှံ့၌ တည်ဆောက်ပေးထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးတက်ဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။

တိုးတက်တည်ဆောက်ပေးထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ

စဉ်	စက်ရုံအမျိုးအစား	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ	၈	၁၁	၃
၂	စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ	–	၄	၄
၃	ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ	၃	၃	အထူးပြောင်းလဲတိုးမြှင့်
၄	ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ	–	၁	၁
၅	ဒီဇယ်ဆီသုံးဓာတ်အားပေးစက်	၆၂၁	၉၄၄	၃၂၃

ဆိုဖာအရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

Nat Ray Co., Ltd. (နက်ရေးကုမ္ပဏီ)၏ Lorenzo (လော်ရင်ဇို း) ဆိုဖာ ၂၀၀၆ ဒီဇိုင်းအသစ်များ အရောင်းပြခန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၁၀နာရီ၌ အမှတ်(၂၂) (၉)မိုင် ပြည်လမ်း ရန်ကုန်မြို့တွင် ကျင်းပရာ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်မြင့်၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် Nat Ray Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဓါတ်ပုံ)** Lorenzo အရောင်းပြခန်း ဖွင့်ပွဲအမှတ်တရအဖြစ် ဇန်နဝါရီ ၂၂ရက်အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

(သတင်းစဉ်)

ရေပို့ပိုက်မကြီး ပြုပြင်နေစဉ် ရပ်ကွက်အချို့ ရေဖြန့်ဝေမှု ခေတ္တရပ်ဆိုင်းမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှော်ကားရေလှောင်ကန်မှ မရမ်းကုန်းမြို့နယ် ရေကူးရေတွန်းစက်ရုံသို့ ဆက်သွယ်ကာ ရန်ကုန်မြို့တော်သို့ ရေပေးဝေနေသည့် အချင်း ၆၆လက်မရှိ ရေပို့ပိုက်မကြီး ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်မည်ဖြစ်ရာ ယနေ့မှ ဇန်နဝါရီ ၂၃ရက်အထိ ရန်ကုန်မြောက်ပိုင်းခရိုင်တွင် မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တွင် မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ လှိုင်သာယာစက်မှုဇုန်၊ ဗဟန်းနှင့် ရန်ကင်းမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် သာကေတမြို့နယ်တို့ရှိ ရပ်ကွက်အချို့ကို ရေဖြန့်ဝေမှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနက ကြိုတင်အသိပေးထားသည်။

(သတင်းစဉ်)

✻ **ရှေ့ဖုံးမှ**

ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပျိုးထောင်စိုက်ပျိုး

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးနှင့် အဖွဲ့ဝင်များသည် သစ်တောဇုန်အနီး မြက်ခင်းပြင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ ရက်သားအဆင့် ပျိုးပင်ပေါက်များ၊ ကိုင်းပျိုးပင်များနှင့် ကြက်ဆူဆီအဆင့်ဆင့် ထုတ်လုပ်ပုံများကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ကြက်ဆူပင် ကိုင်းပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သတ်မှတ်ထားသော နေရာအသီးသီးတို့၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

အလားတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တို့၏ ဇနီးများနှင့် အဖွဲ့ဝင်များကလည်း သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှု

ဆက်လက်၍ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ကြက်ဆူဆီကို အသုံးပြု၍ ထော်လာဂျီနှင့် အခြားယာဉ်များ စမ်းသပ်မောင်းနှင်ပြသမှုများ၊ ကြက်ဆူဆီ အသုံးပြု အိမ်သုံးမီးဖိုနှင့် မီးစက်များကို ကြည့်ရှုကြသည်။

ယင်းနောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များမှ ကြက်ဆူပင်စိုက်ပျိုးနေမှုများနှင့် သစ်မျိုးစုံ ပျိုးဥယျာဉ်အတွင်း သစ်ပျိုးပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ Water Plaza ကို ကြည့်ရှုကြသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ ပုပ္ပားတောင်ပုံစံတူ မျှော်စင်ပေါ်မှ ကန်တော်ကြီး သဘာဝဥယျာဉ်ရှုခင်းနှင့် ရန်ကုန်မြို့တော် ရှုခင်းများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ပျိုးပင်ပေါက်နှင့်ကိုင်းပျိုးပင်များကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင်၊ ကြက်ဆူမျိုးစေ့၊ ရက်သားအဆင့် ပျိုးပင်ပေါက်များ၊ ကိုင်းပျိုးပင်များကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ရန်ကုန်တိုင်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ရန်ကုန်တိုင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုး ပေးစဉ်။

(သတင်းစဉ်)

ရုရှားနိုင်ငံတစ်ဝန်းတွင် အအေးဓာတ်အထူးလွန်ကဲ ပြည်တွင်း၌ စွမ်းအင်ပိုမိုလိုအပ်၍ ဥရောပသို့ဓာတ်ငွေ့ပေးပို့မှု လျှော့ချ

မော်စကို ဇန်နဝါရီ ၂၀

ရုရှားနိုင်ငံတစ်ဝန်းတွင် အအေးဓာတ်လွန်ကဲနေသည့် အခြေအနေကြောင့် ပြည်တွင်းသုံးအတွက် စွမ်းအင် ပိုမိုလိုအပ်လျက်ရှိရာ ဂဇ်ပရောင်းကုမ္ပဏီမှ ဥရောပသို့ ပေးပို့လျက်ရှိသော ဓာတ်ငွေ့များကို ဇန်နဝါရီ ၁၈ ရက်နေ့မှစ၍ လျှော့ချခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။

ဂဇ်ပရောင်းစွမ်းအင် ကုမ္ပဏီသည် ရုရှားနိုင်ငံ၏ အကြီးမားဆုံးလောင်စာ စွမ်းအင် ကုမ္ပဏီကြီးဖြစ်သည်။ ရုရှားနိုင်ငံ၏ အရေးပေါ်လိုအပ်ချက်အရသာ ဥရောပသို့ ဓာတ်ငွေ့ပို့လွှတ်မှုကို လျှော့ချရခြင်းဖြစ်ကြောင်း၊ ယခုအဖြစ်အပျက်သည် ယာယီအစီအစဉ်သာဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူများက ဆိုသည်။

ရုရှားကုမ္ပဏီက ဓာတ်ငွေ့ပေးပို့မှု လျှော့ချကြောင်း ကြေညာခဲ့ပြီးနောက် ဟန်ဂေရီ နိုင်ငံက ရုရှားထံမှ ရရှိနေသော ဓာတ်ငွေ့ပမာဏသည် ၂၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ကို သိရကြောင်း အင်တာဖက်သတင်းဌာနက ဖော်ပြသည်။ အခြားဥရောပနိုင်ငံများ၌လည်း ဓာတ်ငွေ့လက်ခံရရှိမှုသည် ဟန်ဂေရီနည်းတူ လျော့ကျသွားမည်ဟု မှတ်ယူရကြောင်း သတင်းများကဆိုသည်။

နိုင်ငံအရှေ့ဘက် ဆိုက်ဘေးရီးယားဒေသဆီမှ အအေးလှိုင်းများ ရုရှားအနောက်ပိုင်း ဒေသဆီသို့ ရွေ့လျားလာသည့်အတွက်ကြောင့်ရုရှားအနောက်ခြမ်းတွင် ပုံမှန်ထက် ထူးခြားစွာ အအေးလွန်ကဲရခြင်းဖြစ်သည်။ သီတင်းတစ်ပတ်လုံး ယခုကဲ့သို့ ဆက်လက်အအေးလွန်ကဲနေစရာရှိကြောင်း ခန့်မှန်းထားသည်။

ဇန်နဝါရီ ၁၆ ရက်တွင် ပြဒါးတိုင်က ဖော်ပြနေသော အအေးမှတ်မှာ သိသိသာသာကျဆင်းလာခဲ့ပြီး ၁၈ ရက်နေ့ အရောက်တွင် အနုတ်၃၀ ဒီဂရီ ဆဲလ်စီးယပ်အထိပင် နိမ့်ကျခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း အအေးလွန်ကဲမှုကြောင့် သေဆုံးရသူ စာရင်းမှာ ၁၄ ဦးအထိ ရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

လောလောဆယ် အခြေအနေတွင် ဂဇ်ပရောင်းကုမ္ပဏီသည် ပြည်တွင်းသုံးအတွက် ဖြန့်ဖြူးပေးနေသော ဓာတ်ငွေ့ပမာဏကို ပုံမှန်အခြေအနေထက် ၄၀ ရာခိုင်နှုန်း ပိုမို ပို့လွှတ်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် မသင်္ကာသူများအား အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးနေသည်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရိုချီဆေးကုမ္ပဏီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တာမီဖလူးဆေးဝါးများ လှူဒါန်း

ပေကျင်း ဇန်နဝါရီ ၂၀

ကြက်ငှက်တုပ်ကွေးရောဂါ လူများသို့ ကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် တာမီဖလူးအမည်ရှိ ဗိုင်းရပ်စ် တိုက်ဖျက်ရေးဆေးများကို ဆွစ်ဇာလန်နိုင်ငံမှ ရိုချီဆေးဝါးကုမ္ပဏီက ဒုတိယအကြိမ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

တာမီဖလူးဆေးဝါး နှစ်သန်းကို ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်စေသည့် အိပ်ချ်၅-အင်-၁ ဗိုင်းရပ်စ်ပိုး ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ဆင်းရဲနွမ်းပါးသည့် နိုင်ငံများအတွက် ရည်ရွယ်ကာ လှူဒါန်းခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီက တာမီဖလူး ဆေးဝါး နောက်ထပ်နှစ်သန်း လှူဒါန်းဦးမည်ဖြစ်ကြောင်း၊ ယင်းပမာဏသည် ဆေးတောင့်ပေါင်း သန်း ၂၀ ဖြစ်ပြီး ယင်းဆေးသောက်ခြင်းဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချနိုင်ပြီး သေဆုံးမှုနှုန်းထား လျော့ကျသွားနိုင်ကာ ရောဂါပြန့်ပွားမှု နှေးကွေးသွားနိုင်သည်ဟု ဒဗလျူအိပ်ချ်အိုမှ တုပ်ကွေးရောဂါ ညှိနှိုင်းဆောင်ရွက်ရေးမှူးဖြစ်သူ မာဂရက်ချန်းက သတင်းထောက်များကို ပြောကြားသည်။

သိုလှောင်

အဆိုပါဆေးဝါးများကို ဒဗလျူအိပ်ချ်အိုဒေသဆိုင်ရာ ရုံးများတွင် သိုလှောင်ထားဖွယ်ရှိသည်ဟု မာဂရက်ချန်းက ပြောကြားသည်။

လှူဒါန်း

ရိုချီကုမ္ပဏီက တာမီဖလူးဆေးဝါး အဖုံ သုံးသန်း သို့တည်းမဟုတ် ဆေးတောင့် သန်း ၃၀ ကို လွန်ခဲ့သည့် နှစ်အတွင်းက လှူဒါန်းခဲ့ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ရုတ်တရက် ဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန် ကုသရန်အတွက် သိုလှောင်ထားသည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် အမေရိကန်တပ်ကြပ် သေဆုံးမှုနှင့်စပ်လျဉ်း၍ အမေရိကန် စွပ်စွဲချက်ကို ပိုလန်က ပယ်ချ

ဝါဆော ဇန်နဝါရီ ၂၀

အီရတ်ရှိအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည်ပိုလန်တပ်ဖွဲ့ကြောင့်သေဆုံးခဲ့ရသည်ဟူသည့်ကိစ္စမှာ ဖြစ်နိုင်ခြေမရှိသောကိစ္စဖြစ်ကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူပက်စကိုစကီးယားက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့မှ တပ်ကြပ်ဖြစ်သူ ဂျက်ဆီဘာရီသည် အီရတ်တွင် ၎င်း၏ မိတ်ဆွေဖြစ်သူ ပိုလန်တပ်ဖွဲ့ဝင်၏ ပစ်သတ်မှုကို ခံခဲ့ဖွယ်ရှိသည်ဟု အမေရိကန်သတင်းစာ ဝါရှင်တန်ပို့စ်၏ ရေးသားချက်ကို ပက်စကိုစကီးယားက တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

တပ်ကြပ်ဘာရီ အသတ်ခံရသည့် သတင်းသည် ရာနှုန်းပြည့် မှန်ကန်မှုမရှိနိုင်ကြောင်း၊ သို့ရာတွင် မျက်မြင်တွေ့ကြုံခဲ့ရသူတပ်ဖွဲ့ဝင်များ၏ အထောက်အထားအပါအဝင် ၎င်း၏အမှုအပေါ် လေ့လာဆန်းစစ်မှုအရ ၎င်းအားသတ်ဖြတ်သူမှာ ပိုလန်တပ်ဖွဲ့ဝင်မဟုတ်ဟု ဖော်ညွှန်းထားကြောင်း စသည်ဖြင့် စုံစမ်းရေး အထူးကော်မရှင်ကို ကိုးကား၍ ပက်စကိုစကီးယားက ပိုလန်သတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ဘဂ္ဂဒက်အနောက်တောင်ပိုင်းဒေသရှိ ကာဘာလာမြို့တွင် ၂၀၀၄ ခုနှစ် မေလ ၄ ရက်နေ့ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပိုလန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တာဝန်ယူဆောင်ရွက်နေသည့် စစ်ဆေးရေးဂိတ်ကို အီရတ်ထရပ်ယာဉ်တစ်စီးက ဝင်တိုက်ရန်ကြိုးပမ်းစဉ် ပိုလန်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များက စတင်ပစ်ခတ်မှုကြောင့် ဘာရီသေဆုံးခဲ့ခြင်းဖြစ်သည်။

တပ်ကြပ်ဘာရီသည် ထရပ်ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စောစောပိုင်း ကောက်ချက်ချသုံးသပ်မှုအရ သိရှိခဲ့ရသော်လည်း ၎င်း၏နောက်ကျောကို သေနတ်ဖြင့် ပစ်ခံရ၍ သေဆုံးခဲ့သည်ဟု နောက်ပိုင်းစုံစမ်းမှုအရ သိရှိရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပိုလန်ဗိုလ်ချုပ်ကြီး မီဇီစလောက ခန့်အပ်သည့် ကော်မရှင်နှင့် အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့မှ တပ်မှူး ဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချက် ခန့်အပ်သော ကော်မရှင်တို့က လေ့လာစုံစမ်းလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မိန်းကလေး လေးဦးကို သွေးဆောင်ပြီး သတ်ဖြတ်ခဲ့သူတရားခံ ဂျပန်ဗဟိုတရားရုံးက သေဒဏ်ချမှတ်

တိုကျို ဇန်နဝါရီ ၁၉

ဂျပန်နိုင်ငံ ဗဟိုတရားရုံးက တိုမူမီယာဇာကီကို ဇန်နဝါရီ ၁၇ ရက်တွင် သေဒဏ်ချမှတ်ခဲ့သည်။ ၁၉၈၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်များတွင် ၎င်းသည် မိန်းကလေးလေးဦးကို သွေးဆောင်ပြီး သတ်ဖြတ်မှုကြောင့် သေဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အသက် ၄၃ နှစ်အရွယ်ရှိ မီယာဇာကီသည် ပြစ်မှုကျူးလွန်ချိန်က စိတ်မမှန်သည့် ဝေဒနာခံစားနေရကြောင်း ၎င်း၏ ရှေ့နေက လျှောက်လဲချက်ပေးခဲ့သည်။ ရှေ့နေ၏ လျှောက်လဲချက်ကို တိုကျိုတရားရုံးကငြင်းပယ်၍ သေဒဏ်ချမှတ်ခဲ့သည်။ ၎င်း၏ ရှေ့နေသည် တရားရုံးချုပ်သို့ အယူခံဝင်ခဲ့ရာ တရားရုံးချုပ်က ၂၀၀၁ ခုနှစ် ဇွန်လတွင် တိုကျိုတရားရုံး၏ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကို အတည်ပြုခဲ့သည်။ မိန်းကလေးလေးဦးကို သတ်ဖြတ်မှုတွင် ဖျက်ဆီးပြီး ဗီဒီယိုရိုက် မှတ်တမ်းတင်ရိုက်ထားခဲ့သည့် သက်သေရရှိခဲ့ကြောင်း အဆိုပါအမှုကို ကိုင်တွယ်သူ တရားသူကြီး တိုကီယာဆုဖူဂျီတာက ပြောကြားခဲ့သည်။ ၎င်းကို သေဒဏ်ချခဲ့ခြင်းကို ပြန်လည်လျှော့ပေါ့ စဉ်းစားပေးရန်မရှိကြောင်း ၎င်းက ပြောဆိုခဲ့သည်။ တိုကျိုမြို့နှင့် ဆိုင်တာမာပြည်နယ်အနီးတွင် နေထိုင်ကြသော အသက်လေးနှစ်နှင့် ခုနစ်ကြားရှိ အမျိုးသမီးငယ်လေးဦးကို ၎င်းက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ ထိုအမှုအတွက် ၎င်းကို ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ဖမ်းဆီးမိခဲ့ပြီးနောက် ၎င်းထံမှ ပြစ်မှုကျူးလွန်ကြောင်း ဖြောင့်ချက်ရရှိခဲ့သည်။ တိုကျိုမြို့ ခရိုင်တရားရုံးက အဆိုပါပြစ်မှုအတွက် ၎င်းကို ၁၉၉၀ ပြည့်နှစ်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နိုင်ငံအပေါ် အရေးယူကန့်သတ်မှုများ ပြဿနာဖြေရှင်းသည့် နည်းလမ်းမဟုတ်ကြောင်း ရုရှားပြောကြား

မော်စကို ဇန်နဝါရီ ၂၀

အီရန် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ နိုင်ငံတကာက စိုးရိမ်မကင်းဖြစ်မှုအပေါ် အီရန်အစိုးရက အလေးဂရုပြုရန် ဆွဲဆောင်ရာတွင် ပိတ်ဆို့အရေးယူမှုပြုလုပ်သည့် နည်းလမ်းသည် အကောင်းဆုံးနည်းလမ်း မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံအပေါ် အရေးယူ ကန့်သတ်မှုများသည် ထိုနိုင်ငံကို ဆရာလုပ်သလိုဖြစ်နေကြောင်း၊ မည်သည့်နည်းဖြင့်မဆို အရေးယူကန့်သတ်မှုသည် အကောင်းဆုံးသောနည်းလမ်းမဟုတ်သလို ပြဿနာဖြေရှင်းသည့် နည်းလမ်းလည်းမဟုတ်ဟု ဆာဂျီလက်ဗရောက သတင်းစာရှင်းလင်းပွဲတွင် အကျဉ်းရုံး ပြောကြားသည်။

အီရတ်နိုင်ငံအပေါ် နိုင်ငံတကာက နှစ်ပေါင်းများစွာ အရေးယူကန့်သတ်မှုများ ပြုလုပ်ခဲ့မှုကြောင့် ရာထူးမှ ကျဆင်းခဲ့သည့် ဆက်ဒမ်ဟူစိန်၏ လုပ်ရပ်ကို ပြောင်းလဲစေရန် မဆောင်ရွက်နိုင်ခဲ့ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြခဲ့ပါက လုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် အရေးယူကန့်သတ်မှုများ ပြုလုပ်မည်ဖြစ်သည်။

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့က အီရန်နှင့်ပတ်သက်သောကိစ္စကို လုံခြုံရေးကောင်စီသို့ တင်ပြမည့် ကြိုးပမ်းမှုများကို ရုရှားက ဆန့်ကျင်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။



အီရန်နိုင်ငံ မြို့တော်တီဟီရန်မှ ၁၅၅ မိုင်အကွာတွင် တည်ရှိသော အဏုမြူအားဖြည့်လောင်စာ ယူရေနီယမ် ထုတ်လုပ်သည့် နာတန့်ဇ်စက်ရုံကို ဇန်နဝါရီ ၁၇ ရက်ထုတ် သတင်းဓာတ်ပုံတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်မြို့တော်ရှုခင်းကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ ပုပ္ပားတောင်ပုံစံတူ မျှော်စင်ပေါ်မှ ကန်တော်ကြီး သဘာဝဥယျာဉ် ရှုခင်းနှင့် ရန်ကုန်မြို့တော်ရှုခင်းများကို ကြည့်ရှုစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

စာပေဗိမာန်စာအုပ်အသင်း အသင်းပေးစာအုပ်များ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၁

စာပေဗိမာန်စာအုပ်အသင်းက (၂၃)အုပ်မြောက် စာအုပ်အဖြစ် ဖြန့်ချိမည့် ၂၀၀၃ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ပထမဆုရ သတင်းထောက် သောင်းညွှန့်(ဖျာပုံ)၏ အမျိုးသမီးများ သိမှတ်ဖွယ်ရာ ဥပဒေရေးရာ စာအုပ်ကို ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိပါမည်။ ရန်ကုန်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များထံသို့ ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းသို့ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်များအနေဖြင့်လည်းကောင်း အသင်းဝင်လိုပါက ကြိုတင်ငွေကျပ် ၁၅၀၀ ပေးသွင်းပြီး ယင်းကြိုတင်ငွေမှ အသင်းသားများသို့ ဖြန့်ချိသည့် စာအုပ်တန်ဖိုး(လျှော့နှုန်း)အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းပေးစာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ ရေကြောင်း၊ လေကြောင်း၊ မီးရထားတို့ဖြင့် ပေးပို့ပါမည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၅၂၉/၅၃၁)သို့ လိပ်မူ၍ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ပုလင်းရေလှောင်တမံ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နေခြည်နွေးနွေး” (အပိုင်း-၂၅)**
၁၂:၂၀ ၅။ ကချင်ပြည်နယ် မိုးကောင်းတံတား
၁၂:၃၀ ၆။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “Doraemon”**
၁၂:၅၅ ၇။ **မြန်မာဗီဒီယိုဇာတ်လမ်း “တွယ်ရာမဲ့ကွက်လပ်များ” (လူမင်း၊ ဝိုင်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-အာယု)**
၂:၁၀ ၈။ အဆိုပြိုင်ပွဲ
၂:၂၀ ၉။ **“သူငယ်ချင်းမရှိတဲ့ဥပဒေ” (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဓေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
၂:၃၀ ၁၀။ အကပြိုင်ပွဲ
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ရူပဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀ ၅။ အတီးပြိုင်ပွဲ
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ လောင်စာစွမ်းအင် အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၅:၄၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် ပွဲတော် အပိုင်း(၁)
၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အသည်းနှလုံးနဲ့လူသား” (အပိုင်း-၄)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **“မိုးယံသို့ လွင့်ပျံစေမည့် ကေသရာဇာတို့၏အားမာန်” (အပိုင်း-၂) (ညွှန့်ဝင်း၊ ရန်အောင်၊ ကျော်ရဲအောင်၊ လွင်မိုး၊ ရီဝေယံ၊ ခင်သန်းနု၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ ရတနာခင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း-၁၆)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း-၁)
၇:၄၅ ပြည်တွင်းသတင်းအကျဉ်း
၇:၅၀ ရှုချင်စရာ မျက်လှည့်ပဒေသာ
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀ ကျန်းမာရေးအတွက် သန့်(၄)သန့်
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ ‘ဒါ’ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီဂျော်၊ဆုပန်ထွာ)
၉:၀၅ Sunday Talk
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ မိုးလေဝသခန့်မှန်းချက်
၁၀:၁၀ Myanmar Video Rhythm
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့်)
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅ ပိန်ခြင်း၊ ဝခြင်းပြဿနာနှင့် အပျိုစင်တို့ရဲ့ အသားအရေ လှပခြင်း
၁၁:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀ သံချည်သံကွေးအတတ်ပညာ (အပိုင်း-၂)
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၇:၃၀ EPL ပွဲကြိုသုံးသပ်ချက်
လိုင်း 5-Sports(Live)
၇:၅၅ Chelsea-Charlton
လိုင်း 5-Sports(Live)
၁၀:၂၅ Man United-Liverpool
လိုင်း 5-Sports(Live)
၁၂:၃၀ Final Score
လိုင်း 5-Sports(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၈:၃၀ Siena-AC Milan
လိုင်း 5-Cartoons(Live)
၂:၀၀ Fiorentina-Messina
လိုင်း MRTV-4 (Live)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်း အနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးဝါဒကို ပြည်သူအားလုံး ခိုင်ခိုင်မာမာ လက်ခံယုံကြည်နေအောင် စာပေစွမ်းအားဖြင့် ဆက်လက်တာဝန်ယူ

❒ **မြန်မာ့သမိုင်းတွင်မှ**

ကြွရောက်အားပေးကြသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင် ဦးအုံးဖေနှင့်တကွ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စာပေစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး နှစ်သစ်အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ၊ မိမိတို့ မြတ်နိုးသည့် အနုပညာစာပေဖြင့် နိုင်ငံအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

ပခုက္ကူဦးအုံးဖေစာပေဆုကို ၁၉၉၁ခုနှစ်က ဦးအုံးဖေလှူဒါန်းသည့် ငွေကျပ် ၇၆သိန်းဖြင့် မတည်ပြီး ရရှိသည့်အတိုး၊ အရင်းများဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ကျမ်းစာနှင့် သုတေသနစာပေဆိုပြီး ဘာသာရပ်ငါးမျိုးအတွက် ပြိုင်ပွဲဆု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရ မဝါဝါကျော် ဒုတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

များကို ၁၉၉၃ခုနှစ်ကစပြီး ချီးမြှင့်လာခဲ့ရာ ယခုဆိုလျှင် ၁၃နှစ် ရှိခဲ့ပြီဖြစ်ကြောင်း၊ ၎င်းအပြင် ၂၀၀၂ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆု၊ မျိုးဆက်သစ်လူငယ်များအတွက် စာပေဝါသနာရှင်နှင့် စာပေပညာရှင်များ ပေါ်ထွန်းလာစေရန်၊ တက္ကသိုလ်ဝင်တန်းမြန်မာစာထူးချွန်ဆု၊ ယဉ်ကျေးမှုတက္ကသိုလ် အနုပညာထူးချွန်ဆုနှင့် ပညာရေးဝန်ကြီးဌာနက ကြီးကြပ်ရွေးချယ်ပေးသည့် ဘာသာရပ်ဆိုင်ရာ ထူးချွန်ဆုများကိုပါ တိုးမြှင့်ပြီး ဆုများချီးမြှင့်ခဲ့ကြောင်း။

ထို့ကြောင့် ယနေ့ ဆုချီးမြှင့်ပွဲအခမ်းအနားသည် စာပေဆုများနှင့်အတူ ယဉ်ကျေးမှုဆု၊ ပညာရည်ချွန်ဆုများအပြင် စာကြည့်တိုက်စာအုပ်ဆုများလည်း ပါဝင်မှာဖြစ်ကြောင်း၊ ဆုရရှိသူများအနေဖြင့် စာပေမျိုးဆက်သစ်များ တိုးပွားလာသည်သာမက တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုစာပေများ တိုးပွားလာအောင် စွမ်းဆောင်ပေးမည့်သူများအဖြစ်လည်း ပေါ်ထွန်းလာကြမှာဖြစ်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

နိုင်ငံတော်အစိုးရသည် ယနေ့ မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်မှလည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စာတတ်ပေတတ်၊ ပညာတတ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် နယ်ပယ်ကဏ္ဍအသီးသီးမှာ အခွင့်အလမ်းများ ဖော်ဆောင်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ယခုစေတနာရှင် ဦးအုံးဖေ၏ ဆောင်ရွက်ချက်များ သည်လည်း အစိတ်အပိုင်းတစ်ခု၊ ကဏ္ဍတစ်ရပ်တွင် အုတ်တစ်ချပ် သဲတစ်ပွင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၅ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ကဗျာပေါင်းချုပ် တတိယဆုရ မောင်အုန်းသောင်း(မကွေး)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အနေဖြင့် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်ဟု နိုင်ငံတော်အနေဖြင့် ခံယူထားကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ နိုင်ငံတော်အဆင့်အနေဖြင့် ဤအခမ်းအနားကို တက်ရောက်ပြီး ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

မိမိတို့မြန်မာ့သမိုင်းတွင် မြန်မာစာပေ၏ အရှိန်အဝါသည် အလွန်ကြီးမားကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်မှာ ပြည်သူများ မျိုးချစ်စိတ်ဓာတ် ထက်သန်အောင်၊ ရဲရင့်အောင်၊ စည်းလုံးညီညွတ်အောင်၊ လွတ်လပ်ရေးကို အသက်သွေးချွေးနှင့်လဲပြီးရယူချင်အောင် အသိပညာပေးသည့်အပိုင်း၊ လှုံ့ဆော်သည့်အပိုင်းများမှာ အလွန်အစွမ်းထက်သည့် လက်နက်သဖွယ်ဖြစ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းမှာလည်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်၊ မိမိတို့၏အချုပ်အခြာအာဏာကို ထိပါးမခံလိုသည့်စိတ်များ ပြည်သူများ၏ ရင်ထဲနှလုံးထဲမှာ အစဉ်စွဲမြဲကိန်းအောင်းနေအောင် စာပေသမားများက မိမိတို့တတ်ကျွမ်းသည့် စာပေဖြင့် တစ်တပ်တစ်အား စွမ်းဆောင်နိုင်ခဲ့ကြကြောင်း။

စာပေစွမ်းအားဖြင့် တာဝန်ယူ

ယနေ့အချိန်အခါတွင် အနောက်နိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံကို သူတို့အလိုကျ လက်အောက်ခံနိုင်ငံတစ်နိုင်ငံဖြစ်အောင်၊ ပြည်ပြေးသစ္စာဖောက် သူလျှို၊ ဒလန်များနှင့်ပေါင်းပြီး မီဒီယာအမျိုးမျိုးကိုအသုံးချကာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၌ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် လုပ်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန် အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးဝါဒကို ပြည်သူအားလုံး ခိုင်ခိုင်မာမာ လက်ခံယုံကြည်နေအောင် မျိုးဆက်သစ်စာပေသမားများက မိမိတို့၏ စာပေစွမ်းအားဖြင့် ဆက်လက်ပြီး တာဝန်ယူသွားကြရမှာဖြစ်ကြောင်း။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ၂၀၀၅ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု သင်္ချာပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မသဲမိုမိုမြင့်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံကို သားစဉ်မြေးဆက်တိုင် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတော်၌ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာနေစေရန် အတွက် ကျရာအခန်းကဏ္ဍက ပြည်သူများ လိုက်လိုက်လှဲလှဲနှင့် လက်တွဲပူးပေါင်း ပါဝင်လာအောင် စာပေစွမ်းအားဖြင့် ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်သူအများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာအောင် အမျိုးသားညီလာခံကို ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အလွှာအသီးသီးက တိုင်းရင်းသားကိုယ်စားလှယ်လူမျိုးပေါင်းစုံ ပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

❖ **စာမျက်နှာ ၆ မှ**

ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ပြည်နယ်၊တိုင်းအသီးသီးမှာ တိုင်းရင်းသားအားလုံးက သောင်းသောင်းဖြဖြနှင့် ဂုဏ်ပြုထောက်ခံလျက်ရှိနေကြောင်း၊ စာပေဝါသနာရှင်နှင့် စာပေပညာရှင်များအပိုင်းကလည်း မိမိတို့ ချစ်ခင်မြတ်နိုးသည့် စာပေဖြင့် တစ်တပ်တစ်အား ပါဝင်စည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာပေလုပ်ငန်းသည် နေ့စဉ်နှင့်အမျှ ပြည်သူလူထုအတွင်း ရင်းနှီးစိမ့်ဝင်နေခြင်းဖြစ်၍ ပြည်သူ့အကျိုးပြုစာပေများ၊ ရသစာပေများနှင့် စာကောင်းပေမွန်များ များများပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူများ ဗဟုသုတရရန်၊ ပြည်သူများ အတွေးအခေါ် အယူအဆ၊ အသိအမြင်များမှန်ရန်၊ အသိမှန်မှ အလုပ်လည်းမှန်မှာဖြစ်သည့်အတွက် မိမိတို့ကိုယ်တိုင် အတွေးအခေါ်အယူအဆ အသိအမြင်မှန်ရန်၊ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ရန် အတွက် ကြိုးစားအားထုတ်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ-

- **နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်၊ ပြည်ထောင်စုကြီးကို ချစ်ခင်မြတ်နိုးသည့်စိတ်၊ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်ဓာတ်များ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့နေအောင် ပြည်သူ့အကျိုးပြုစာပေများ များများပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်၌ အလွန်လိုအပ်နေသည့် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်သော အသိပညာရှင်၊ အတတ်ပညာရှင် စသည့် လူ့စွမ်းအားအရင်းအမြစ်များ များများပေါ်ထွန်းလာအောင် စာပေအနေနှင့်ရော ပညာရေးကဏ္ဍအနေနှင့်ပါ ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါ။**
- **ပြည်သူများလိုလားတောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မိမိတို့တတ်ကျွမ်းသည့်စာပေကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးကြပါ။**
- **ပခုက္ကူဦးအုံးဖေစာပေဆုများနှင့် ပညာရေးထူးချွန်ဆုများကို လာမည့်နှစ်များမှာလည်း ဆက်လက်ရွေးချယ်ပေးအပ်သည့်အခါ စေတနာရှင် ဦးအုံးဖေကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးနိုင်ရန်အတွက် ကျန်းကျန်းမာမာရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်း။**

ဖြင့် ပြောကြားသွားသည်။

တစ်သက်တာစာပေဆုချီးမြှင့်

ထို့နောက် ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုများ ချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါ်သိန်းဆိုင်(မမြတ်လေး)အား ဆုချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆုတွင် ကဗျာပေါင်းချုပ် ပထမဆုရ **"အမေ့အလှ ပန်းအလှ"** ရေးသားသူ သန်းအောင်(အညာမြေ)၊ ဒုတိယဆုရ **"နှင်းခွဲမီး"** ရေးသားသူ ရွှေမြိုင်မောင်ဖူးဝါ၊ တတိယဆုရ **"ပွင့်တူရွက်တူ"** ရေးသားသူ မောင်အုန်းသောင်း(မကွေး)နှင့် ဝတ္ထုရှည် ဒုတိယဆုရ **"နွယ်ပန်းခွာညိုပွင့်ဝေလို ပြာသိုဆောင်းလလယ်"** ရေးသားသူ သိန်းသန်းဝင်း(မလှိုင်)နှင့် တတိယဆုရ **"တူနိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆ ကွာလိမ့်မယ်"** ရေးသားသူ ပုသိမ်အောင်သန်းဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ **"မွေးမေကို ဘယ်လိုပြောရမယ်နှင့် အခြား**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ၂၀၀၅ခုနှစ် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု သင်္ချာတတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မခင်သင်းစုအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင် ပခုက္ကူဦးအုံးဖေနှင့် ဆုရသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (အပေါ်ပုံနှင့် အောက်ပုံများ) (သတင်းစဉ်)

ဝတ္ထုတိုများ" ရေးသားသူ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ တတိယဆုရ **"ဘဝပုံရိပ် အတိတ်ပန်းချီ ဝတ္ထုတိုများ"** ရေးသားသူ မောင်စိုးထိုက်(သုံးဆယ်)၊ ကျမ်းစာပေ ပထမဆုရ **"မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုင်းတူရိယာများ"** ရေးသားသူ တင်ထွန်းဦး(ယဉ်ကျေးမှု)နှင့် ဒုတိယဆုရ **"အညာကျေးက ပညာရေးခရီးသည်"** ရေးသားသူ တင်မြင့်တို့အား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ကျမ်းစာပေ တတိယဆုရ **"တောင်စွန်းဇရော ရောင်စုံဖြာနှင့် အခြားဆောင်းပါးများ"** ရေးသားသူ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ သုတေသနစာပေပထမဆုရ **"အိုးစာ"**ရေးသားသူ ထန်လှိုင်နှင့် ဒုတိယဆုရ **"အညာကျေးလက် စာပေဥယျာဉ်စာသဘင်"** ရေးသားသူ နီငြိမ်း(အညာတက္ကသိုလ်)တို့အားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက သုတေသနစာပေ တတိယဆုရ **"အထက်အညာရွာက မြန်မာ့စဉ့်လုပ်ငန်း"** ရေးသားသူ ခင်ဦးမောင်နှင့် ပခုက္ကူဦးအုံးဖေ စာပေယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရ မဝါဝါအေးကျော် ဒုတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မချစ်ပုံ့ပုံ့ ပထမနှစ်(ဂီတ) ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)တို့အား လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပခုက္ကူ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရ မိုးညှင်း ဒီဂရီကောလိပ်မှ မြန်မာစာအဓိကကျောင်းသူ မဆုဇာနည်ဇော်၊ ရတနာပုံတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မသင်းသင်းဆွေ၊ မိတ္ထီလာတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မဇာဇာလှိုင်နှင့် ဒဂုံတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မသီသီအောင်တို့အားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာပထမဆုရ ရန်ကင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ရန်ကုန်မှ မဆွေလီထက်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မနွေဦးမွန်၊ တတိယဆုရ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မသိမ့်ဝေဖြိုးနှင့် အင်္ဂလိပ်စာပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇင်ဦးမောင်တို့အားလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု အင်္ဂလိပ်စာ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇေယျာလင်း၊ တတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မစုဇာလှိုင်၊ သင်္ချာ ပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မသဲမိုမိုမြင့်ဦးနှင့် ဒုတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မကေသီလွင်တို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု သင်္ချာတတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မခင်သင်းစု၊ ဓာတုဗေဒ ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဖြိုးဖြိုးမေ၊ ရူပဗေဒ ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ မစန္ဒာချို့နှင့် ဇီဝဗေဒ ပထမဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်ကိုကိုတို့အားလည်းကောင်း အသီးသီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲**

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း(၁၀)

စိုး

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိ ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက အောင်မြင်စွာချမှတ်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၏ ၃-၃-၂၀၀၅ရက်နေ့ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုချမှတ်ခဲ့ပါသည်။

ယင်းသို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် သက်ဆိုင်ရာကဏ္ဍများအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍဟူ၍ ကဏ္ဍကြီး(၁၁)ရပ် ပါဝင်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းကဏ္ဍကြီးများနှင့်စပ်လျဉ်း၍ ဥပဒေပြုစာရင်းများကို ဆွေးနွေးတင်ပြလျက်ရှိရာ ယခုဆက်လက်၍ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍတို့နှင့် စပ်လျဉ်းပြီး မေးမြန်းဆွေးနွေး ကြားသိရသမျှ ပြန်လည်တင်ပြလိုက်ရပါသည်။

စိုးမြကျော် – **ကျွန်တော်တို့မြန်မာနိုင်ငံမှာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေကို အခြေခံကစပြီး ပြောင်းလဲကျင့်သုံးနေပြီဖြစ်လို့ အဲဒီစနစ်တွေနဲ့ သဟဇာတဖြစ်ပြီး ပြောင်းလဲကျင့်သုံးတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေကို ကောင်းမွန်စွာ ပဲ့ကိုင်ထိန်းကျောင်းနိုင်စွမ်းရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိဖို့သိပ်အရေးကြီးတယ်နော် ဘကြီး။**

ဘကြီးစိုး – ဒါကြောင့် အမျိုးသားညီလာခံက ရရှိပြီးအသီးအပွင့်ဖြစ်တဲ့ အခြေခံမူ(၁၀၄)ချက်ကို အခြေခံပြီး လိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေရအောင် ဆက်လက်ဆောင်ရွက်နေကြတာပေါ့ကွယ်။

စိုးမြကျော် – ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ခဲ့တာနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ ကဏ္ဍတော်တော်များများ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့တော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးက အဓိကကျသလို အဲဒီပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ အဆင်ပြေ ချောမွေ့စေဖို့အတွက် လမ်း၊ တံတားနဲ့ အဆောက်အအုံ တည်ဆောက်ရေး၊ ဆက်သွယ်ရေးအတွက် အခြေခံများတည်ထောင်ရေးတို့ကလည်း ပဓာနကျတယ်။ ဒါကြောင့်မို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍကို တစ်ဆက်တစ်စပ်တည်း ပေါင်းရုံးပြီး ဖော်ပြထားတာဖြစ်ပါတယ်။

စိုးမြကျော် – နိုင်ငံတော်က စီးပွားရေးကုန်သွယ်မှုကို အထောက်အကူပြုမယ့် လမ်း၊ တံတားတွေကို တစ်နိုင်ငံလုံး ကွန်ရက်ယှက်နွယ်ပြီး တည်ဆောက်ပေးနေသလို တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု များပြားလာပြီး ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာလာအောင် ပြည်ထောင်စုလမ်းမကြီးတွေ၊ ချစ်ကြည်ရေးတံတားကြီးတွေကိုပါ စုစည်းဆက်စပ်ပြီး တည်ဆောက်ဖော်ဆောင်ပေးနေတာတွေ့ရပါတယ်ဘကြီး။

ကြီးကြီးမြ – နယ်ချဲ့ခေတ်တုန်းကဆိုရင် လမ်း၊တံတားတွေကို သူတို့ရဲ့ အုပ်ချုပ်ရေးနဲ့ စီးပွားရေး လွယ်ကူအဆင်ပြေစေဖို့ လောက်သာရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့တာ ဖြစ်တယ်ကွယ့်။ မိုင်တစ်ထောင်ကျော် ရှည်လျားစွာ စီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးမှာ စစ်ကိုင်းတံတား တစ်စင်းပဲ တည်ဆောက်ပေးထားခဲ့တာကိုကြည့်ရင် နယ်ချဲ့ရဲ့ ရည်ရွယ်ချက်ကို အလွယ်တကူသိနိုင်ပါတယ်။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ နယ်ချဲ့ခေတ်တုန်းက လမ်းတံတားတွေကို လုံလုံလောက်လောက် ဖောက်လုပ်မပေးခဲ့တဲ့အပြင် တစ်နယ်မှတစ်နယ်သို့၊ မြေပြန့်မှတောင်ပေါ်သို့ လွတ်လွတ်လပ်လပ် ကူးသန်းသွားလာခွင့်မရှိအောင်လည်း ဥပဒေတွေထုတ်ပြီး ချုပ်ချယ်ကန့်သတ်ခဲ့တယ်လို့ သိရပါတယ်ခင်ဗျာ။

ဘကြီးစိုး – လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၄၀ ကာလအတွင်းမှာ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်ကြောင့် လမ်းတံတားတွေကို ဖြစ်ဖြစ်မြောက်မြောက် တိုးချဲ့ပြီး မတည်ဆောက်နိုင်ခဲ့ဘူးကွယ့်။ တည်ဆောက်ထားသမျှတွေကိုလည်း သောင်းကျန်းသူမျိုးစုံက ဖျက်လိုဖျက်ဆီးလုပ်ခဲ့လို့ တစ်နေရာနှင့်တစ်နေရာ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်တွေ ဖြစ်ပေါ်လာခဲ့ရတာပါပဲ။

ကြီးကြီးမြ – **၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ တစ်လကိုတံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ ခုနှုန်းနဲ့ ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ပေးနိုင်ခဲ့တယ်။ အဲဒီလိုတည်ဆောက်နိုင်အောင် ကိုယ့်အခြေအနေနဲ့ကိုယ် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့ရတယ်။ ဒါကြောင့်မို့ နယ်ချဲ့ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကထက် ယနေ့မျက်မှောက်ခေတ် ဆယ်စုနှစ်ကျော်အတွင်းမှာ လမ်းတံတားတွေ၊ ဆည်တမံတွေ ရာဂဏန်းနဲ့ချီပြီး ပိုမိုဖြစ်ထွန်းတိုးတက်လာတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား။**

ဘကြီးစိုး – ဆက်သွယ်ရေးအပိုင်းမှာလည်း ဟိုးအရင်ခေတ်တွေထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရလိမ့်မယ်။ ခေတ်မီဆက်သွယ်ရေးနည်းတွေဖြစ်တဲ့ တိုက်ရိုက်ဆက်သွယ်ရေး တယ်လီဖုန်းစနစ်တွေ တိုးချဲ့တပ်ဆင်ခြင်း၊ ပြည်ပနိုင်ငံတွေနဲ့ဆက်သွယ်တဲ့ အသံလွှင့် အသံဖမ်းစခန်းတွေ၊ ဂြိုဟ်တုစခန်းတွေ တည်ဆောက်ခြင်းစတာတွေနဲ့ မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတယ်။ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နဲ့ အလားတူ ဆက်သွယ်ရေးကိစ္စတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်အောင် မြှင့်တင်ပေးနေတာ အားရစရာပါပဲ။

စိုးမြကျော် – ဒီရလဒ်တွေဟာ ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ရာနှုန်းပြည့်နီးပါး အေးချမ်းတည်ငြိမ်လာလို့ စိတ်သွားတိုင်းကိုယ်ပါ တည်ဆောက်လာနိုင်တဲ့ တိုင်းကျိုးပြည်ပြုရလဒ်တွေပဲ ဖြစ်ပါတယ်။ အဲဒီလိုကြိုးပမ်းအားထုတ် လုပ်ဆောင်ချက်တွေကို မြန်မာပြည်သူတွေအတွက် တစ်ချောင်းထိုးဝါးတံတားလေးတစ်ခုတောင် ခင်းမပေးဖူးတဲ့ လက်ဝဲလက်ယာ ပြည်တွင်းပြည်ပ အဖျက်သမားတွေက ကဖျက်ယဖျက်စိတ်ထားနဲ့ မလိုတမာပြောကြား နေကြတာကတော့ တကယ့်ကို စိတ်ပျက်စရာပါပဲခင်ဗျာ။

ဘကြီးစိုး – ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့ အဓိကပဲမဟုတ်လား။ အတိတ်ဖြစ်ရပ်တွေကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်မှာ မျက်မှောက်ပြုနေရတဲ့ နယ်ချဲ့သမားနဲ့ လက်ဝေခံ ဖောက်ပြန်ရေးဝါဒီတွေရဲ့ အန္တရာယ်ကိုသတိမူပြီး အနာဂတ်နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင်၊ အကျိုးအရှိဆုံးဖြစ်အောင် ဆောင်ရွက်ကြရမှာက တိုင်းကျိုးပြည်ပြုသမားတွေရဲ့ သမိုင်းပေးတာဝန်ပဲမဟုတ်လား။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ဥပဒေပြုစာရင်းကို ဆက်ပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး – ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဖော်ပြထားတာတွေကတော့–

(၁) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊
(၂) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊
(၃) ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး၊
(၄) ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး၊
(၅) ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊
(၆) မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊
(၇) သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊
(၈) လေကြောင်းသယ်ယူပို့ဆောင်ရေး၊
(၉) လေကြောင်း ပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့် လေယာဉ်ကွင်းတည်ဆောက်ရေး၊
(၁၀) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊
(၁၁) မီးရထား၊
(၁၂) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ၊
(၁၃) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူဆက်သွယ်ရေး၊
(၁၄) ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ၊
(၁၅) အိမ်ရာနှင့် အဆောက်အအုံများ

တို့ပဲ ဖြစ်ပါတယ်။

စိုးမြကျော် – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ပါဝင်တဲ့ကိစ္စရပ်တွေကိုလည်း သိပါရစေ။

ဘကြီးစိုး – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်းအပ်နှင်းထားတဲ့ ကိစ္စရပ်တွေကတော့–

(၁) တိုင်းဒေသကြီးသို့မဟု ရှိသည့် ဆိပ်ကမ်းများ၊
(၂) တိုင်းဒေသကြီး သို့မဟု ရှိသည့် လမ်းများ၊ တ
(၃) တိုင်းဒေသကြီး သို့မ သွားလာသည့် ပုဂ္ဂလိ ပြေးဆွဲရေး

တို့ပဲဖြစ်တယ်။

စိုးမြကျော် – ဘကြီးရှင်းပြတဲ့ ဥပဒေပြုစာရ လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွ ပြုပြီး သက်ဆိုင်ရာတိုင်းဒေသ တွေကို အကောင်အထည်ဖေ ကြီး ဒါမှမဟုတ် ပြည်နယ်အ ဖော်ဆောင်ရမယ့် လုပ်ငန်းတေ လုပ်ဆောင်ခွင့်တွေပါနေတာ

ဘကြီးစိုး – လမ်းတံတားတွေ ဆောက် များပြားမှုနဲ့ ကျွမ်းကျင်မှု အ တွေကို ပြည်ထောင်စုက သွားမှာဖြစ်တယ်။ ဒါကြောင့် တဲ့ ပြည်ထောင်စုလမ်းမကြီး ကြီးတွေရှိမှာဖြစ်သလို တိုင်းဒေ တွေရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ တံတားတွေလည်း ရှိလာမှာ

ကြီးကြီးမြ – **၁၉၈၈ ခုနှစ်မတိုင်ခင် နယ် နှစ်ပေါင်း ၁၀၀ နီးပါးအတွင် ပေ ၁၈၀ အထက်တံတား ၁၉၈၈ ခုနှစ်နောက်ပိုင်း ပေ ၁ စုစုပေါင်း ၂၀၀ ကျော် ထပ်မံ ဒါ ၁၇ နှစ်တာကာလအတွင် လက်ရှိလမ်းတံတားတွေ၊ အ မှုတည်ပြီး ပြည်ထောင်စု တိုင်းဒေသကြီးတွေ၊ ပြည်န ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်သွားကြ**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ အဲဒီလို တ ဖော်ကြရာမှာ စီမံခန့်ခွဲရေးက ပြုခွင့်အာဏာ ခွဲဝေအပ်နှင်း ဘကြီး။

ဘကြီးစိုး – အမျိုးသားညီလာခံက စီမံခ ပြည်ထောင်စုဥပဒေပြုစာရင်း

(၁) အထွေထွေအုပ်ချုပ်ရေ
(၂) ရွာမြေ၊ မြို့မြေ စီမံခ
(၃) အိမ်ငှား၊ မြေငှား၊
(၄) မူးယစ်ဆေးဝါးနှင့် စိတ ဆေးဝါး၊
(၅) နိုင်ငံတော်လျှို့ဝှက်ချ ကိစ္စများ၊
(၆) အသင်းအဖွဲ့များ၊
(၇) အကျဉ်းထောင်၊
(၈) နယ်စပ်ဒေသဖွံ့ဖြိုးတိုး
(၉) သန်းခေါင်စာရင်း၊

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ တစ်လကို တံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ခုနှုန်းနဲ့ ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ပေးနိုင်ခဲ့တယ်။ အဲဒီလို တည်ဆောက်နိုင်အောင် ကိုယ့်အခြေအနေနဲ့ကိုယ် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့ရတယ်။ ဒါကြောင့်မို့ နယ်ချဲ့ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကထက် ယနေ့မျက်မှောက်ခေတ်ဆယ်စုနှစ်ကျော်အတွင်းမှာ လမ်းတံတားတွေ၊ ဆည်တမံတွေ ရာဂဏန်းနဲ့ချီပြီး ပိုမိုဖြစ်ထွန်းတိုးတက်လာတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား။

...င်း(၁၀)

စိုးမြကျော်

...ကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက်
...မှုများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်
...နှင့် အသေးစိတ်အခြေခံရမည့်မှုများကို လေ့လာကြည့်ရှုခြင်းအားဖြင့်
... အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့
... အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ
...သည်။

... အနာဂတ်
... အကျိုးအရှိ
... ကျိုးပြည်ပြု
... း။
... သွယ်ရေးနဲ့
... ို ဆက်ပြီး
... ရေးကဏ္ဍနဲ့
... ဖော်ပြထား
... င်ရေး၊
... ရေး၊
... းတက်ရေး၊
... ရေး၊
... အမ်များ၊
... းသိမ်းရေး၊
... မိမ်းရေးနှင့်
... မကြီးများ၊
... ဖက်(စ်)၊
... ရာနက်နှင့်
... အသံလွှင့်၊
... ယ်ရေးများ၊
... ုစာရင်းမှာ
... ုစာရင်းမှာ
... တော့–

...တွင်း
...က်နိုင
...ယ်ချဲ့
...ယ်စု
...က်လာ

(၁) **တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊**
(၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊**
(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး**

တို့ပဲဖြစ်တယ်။

စိုးမြကျော် – ဘကြီးရှင်းပြတဲ့ ဥပဒေပြုစာရင်းနှစ်ခုကိုကြည့်ရင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုက ဥပဒေပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တွေကို အကောင်အထည်ဖော်စေမှာဖြစ်သလို တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အလိုက် မိမိနယ်မြေအတွင်းမှာ ဖော်ဆောင်ရမယ့် လုပ်ငန်းတွေအတွက်လည်း ဥပဒေပြုခွင့်၊ လုပ်ဆောင်ခွင့်တွေပါနေတာ တွေ့ရပါတယ်ခင်ဗျာ။

ဘကြီးစိုး – လမ်းတံတားတွေ ဆောက်လုပ်ရာမှာ ငွေရင်းပမာဏ များပြားမှုနဲ့ ကျွမ်းကျင်မှု အထူးလိုအပ်တဲ့ လုပ်ငန်းကြီးတွေကို ပြည်ထောင်စုက ဖောက်လုပ်တည်ဆောက်ပေးသွားမှာဖြစ်တယ်။ ဒါကြောင့်မို့ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့ ပြည်ထောင်စုလမ်းမကြီးတွေနဲ့ ပြည်ထောင်စုတံတားကြီးတွေရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ဖောက်လုပ်ရမယ့် လမ်းတွေ၊ တံတားတွေလည်း ရှိလာမှာဖြစ်တယ်။

ကြီးကြီးမြ – **၁၉၈၈ ခုနှစ်မတိုင်ခင် နယ်ချဲ့ခေတ်ကနေ ရေတွက်ရင် နှစ်ပေါင်း ၁၀၀ နီးပါးအတွင်း ကြီးကြီးတို့မြန်မာနိုင်ငံမှာ ပေ ၁၈၀ အထက်တံတား ၁၉၈ စင်းသာ ရှိခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပေ ၁၈၀ အထက် တံတားအသစ်စုစုပေါင်း ၂၀၀ ကျော် ထပ်မံတည်ဆောက်ပေးနိုင်ခဲ့တယ်။ ဒါ ၁၇ နှစ်တာကာလအတွင်းမှာ ဆောက်ပေးခဲ့တာနော်။ လက်ရှိလမ်းတံတားတွေ၊ အခြေခံအဆောက်အအုံတွေပေါ်မူတည်ပြီး ပြည်ထောင်စု တစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေအလိုက်ဖြစ်စေ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်တည်ဆောက် အကောင်အထည်ဖော်သွားကြရမယ်မဟုတ်လား။**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ အဲဒီလို တည်ဆောက်အကောင်အထည်ဖော်ကြရာမှာ စီမံခန့်ခွဲရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းထားပုံကိုလည်း သိပါရစေဘကြီး။

ဘကြီးစိုး – အမျိုးသားညီလာခံက စီမံခန့်ခွဲရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ–

(၁) **အထွေထွေအုပ်ချုပ်ရေး၊**
(၂) **ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊**
(၃) **အိမ်ငှား၊ မြေငှား၊**
(၄) **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊**
(၅) **နိုင်ငံတော်လျှို့ဝှက်ချက် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ၊**
(၆) **အသင်းအဖွဲ့များ၊**
(၇) **အကျဉ်းထောင်၊**
(၈) **နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊**
(၉) **သန်းခေါင်စာရင်း၊**
(၁၀) **နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊**
(၁၁) **ဘွဲ့ထူးဂုဏ်ထူး**

ဆိုပြီး အသေးစိတ်အခြေခံရမယ့်မှု ချမှတ်ထားတယ်။

စိုးမြကျော် – ဟုတ်ကဲ့။ ဆက်ပြီးရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာတော့–

(၁) **စည်ပင်သာယာရေး၊**
(၂) **မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊**
(၃) **ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ**

ဆိုပြီး အသေးစိတ်အခြေခံရမယ့်မှု ချမှတ်ထားတယ်။

စိုးမြကျော် – အဲဒီစီမံခန့်ခွဲရေးကဏ္ဍမှာအကျုံးဝင်တဲ့ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေဆိုရင် အတော့်ကို များပြားကျယ်ဝန်းမယ် ထင်ပါတယ်။

ကြီးကြီးမြ – အုပ်ချုပ်ရေးဆိုရာမှာ အကြောင်းအရာအလိုက် ကွဲပြားခြားနားတဲ့သဘောကို ဆောင်နေတယ်။ မြို့ပြအုပ်ချုပ်ရေး၊ ကျေးရွာအုပ်ချုပ်ရေးတွေရှိကြသလို သစ်တောနဲ့စပ်လျဉ်းတဲ့ အုပ်ချုပ်ရေး၊ မြေယာနဲ့စပ်လျဉ်းတဲ့ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေး၊ သတ္တုနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေး၊ ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေးစတာတွေ ရှိကြပါတယ်။

ဘကြီးစိုး – အဲဒီလို အကြောင်းအရာအလိုက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စတွေကို သက်ဆိုင်ရာအာဏာပိုင်တွေက ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ကြရာမှာ ဥပဒေပြုအဖွဲ့အစည်းတွေက ပြဋ္ဌာန်းပေးတဲ့ ဥပဒေပြဋ္ဌာန်းချက်ဘောင်အတွင်းကသာ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေကို ကိုင်တွယ်ကျင့်သုံး ဆောင်ရွက်ကြရတယ်။

ကြီးကြီးမြ – အထွေထွေအုပ်ချုပ်ရေးကို တာဝန်ယူကြရတဲ့ဝန်ထမ်းတွေကို တစ်ချိန်က မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ တိုင်းမင်းကြီးနဲ့ အတွင်းဝန်လို့ ခေါ်ဝေါ်ခဲ့ကြတယ်။ အခုအခါမှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ တိုင်း သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး စသဖြင့်ခေါ်ဝေါ်ကြတယ်။

စိုးမြကျော် – ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကိုတည်ဆောက်ရာမှာ အုပ်ချုပ်ရေးယန္တရား ခိုင်မာတောင့်တင်းပြီး လျင်မြန်သွက်လက်စွာ စဉ်ဆက်မပြတ် စနစ်တကျ လည်ပတ်နိုင်ဖို့ လိုအပ်မယ်နော်ဘကြီး။

ဘကြီးစိုး – နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရား စနစ်တကျ စဉ်ဆက်မပြတ် လည်ပတ်နိုင်ဖို့အတွက် ဒီယန္တရားကြီးကိုကိုင်တွယ်မောင်းနှင်ဖို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ အရည်အချင်းပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းဖို့လည်း လိုအပ်တယ်။ ပြည်သူတွေမျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော **နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ချောမွေ့သွက်လက်ပြီး စနစ်တကျ လည်ပတ်နိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်သင့်တာကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာပဲ ဖြစ်ပါတယ်။**

စိုးမြကျော် – ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးကိစ္စနဲ့စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာကိုလည်း ပြည်ထောင်စုကို ပေးအပ်ထားတာ တွေ့ရပါတယ်ဘကြီး။

ဘကြီးစိုး – ဒီလိုပေးအပ်ထားရတာက ပြည်ထောင်စုတစ်ဝန်းလုံးကို လွှမ်းခြုံသက်ရောက်စေမယ့်ဥပဒေမျိုး ပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲတဲ့ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို ပြည်ထောင်စုကပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွေကိုလည်း ခွဲဝေအပ်နှင်းသွားမှာဖြစ်တယ်။

စိုးမြကျော် – ပြည်ထောင်စုဥပဒေပြုစာရင်းမှာ **မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး** ကိစ္စလည်း ပါဝင်တာ တွေ့ရပါတယ်။ အသေးစိတ် ရှင်းပြပေးပါဦး ခင်ဗျာ။

ကြီးကြီးမြ – ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြည်ထောင်စု ဥပဒေပြုစာရင်း အရပ်ရပ်ဆိုင်ရာ ခေါင်းစဉ်အောက်မှာ **ဘိန်း၊ သို့ရာတွင် ဘိန်းအပေါ်၌ကောက်ခံသော ယစ်မျိုးခွန်များမပါ** ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့ရတယ်။ မျက်မှောက်ခေတ်မှာတော့ ဘိန်းကနေ အခြားမူးယစ်ဆေးဝါးတွေ ဆင့်ပွားပေါ်ပေါက်လာသလို အခြားသော မူးယစ်ဆေးဝါးတွေလည်း ပေါ်လာတာကြောင့် အခုလို ထည့်သွင်းပြဋ္ဌာန်းရတာ ထင်ပါတယ်။

ဘကြီးစိုး – မှန်ပါတယ်။ အခုအခါမှာ ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးကို တွန်းလှန်တိုက်ဖျက်ရာမှာ မြန်မာနိုင်ငံဟာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေတာ အားလုံးအသိပါပဲ။ မူးယစ်ဆေးဝါးရဲ့ အစကနဦးလို့ဆိုရမယ့် ဘိန်းစိုက်ပျိုး ရောင်းဝယ်ခြင်းအမွေဆိုးဟာ ကိုလိုနီနယ်ချဲ့တွေထားရှိသွားတဲ့ အမွေဆိုးကြီးပဲ ဖြစ်တယ်။

ကြီးကြီးမြ – ဒါကြောင့်မို့ ကိုလိုနီနယ်ချဲ့တွေပြဋ္ဌာန်းခဲ့တဲ့ ဘိန်းအက်ဥပဒေ၊ ယစ်မျိုးအက်ဥပဒေ၊ ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပါ ပြဋ္ဌာန်းချက်တွေဟာ ဘိန်းစိုက်ပျိုး ရောင်းဝယ်ဖောက်ကားမှုနဲ့စပ်လျဉ်းပြီး ထိထိရောက်ရောက် တားဆီးနိုင်မှုမရှိခဲ့တာ တွေ့ရတယ်။

ဘကြီးစိုး – အရင်းစစ်တော့ အမြစ်မြေက ဆိုသလိုပါပဲ။ ကိုလိုနီနယ်ချဲ့တွေထားရစ်ခဲ့တဲ့ ဘိန်းစိုက်ပျိုးရောင်းဝယ်ခြင်းအမွေဆိုးကို ၁၉၅၀ ကာလတစ်ဝိုက်မှာ မြန်မာနိုင်ငံကို ဝင်ရောက် ကျူးကျော်ခဲ့တဲ့ တရုတ်ဖြူကူမင်တန်တပ်တွေက ဆက်ပြီး သက်ဆိုးရှည်စေခဲ့တယ်။ ဒါတင်မကဘဲ SSA (တောင်ပိုင်း) ရှက်ဆစ်အဖွဲ့လို ဘိန်းဓားပြ အကြမ်းဖက်သောင်းကျန်းသူတွေကလည်း မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ ကိုယ်ကျိုးရှာနေကြတယ်လေ။

ကြီးကြီးမြ – ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်အချို့ကို လေ့လာကြည့်ရင် နယ်ချဲ့နဲ့ နယ်ချဲ့လက်ပါးစေတွေ အစပျိုးသက်ဆိုးရှည်စေခဲ့တဲ့ ဘိန်းနဲ့မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်ချေမှုန်းမှု မပြုနိုင်ခဲ့ကြောင်း တွေ့ရတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ **ဘိန်း၊ သို့ရာတွင် ဘိန်းအပေါ်၌ကောက်ခံသော ယစ်မျိုးခွန်များမပါ** ဆိုပြီး ပြဋ္ဌာန်းထားတဲ့သဘောကတော့ ဘိန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုက ဥပဒေပြုနိုင်တယ်။ ဒါပေမယ့် ဘိန်းအပေါ်၌ကောက်ခံသော ယစ်မျိုးခွန်အတွက်တော့ ပြည်ထောင်စုက ဥပဒေမပြုနိုင်ဘူးဆိုတဲ့ သဘောပါပဲ။

စိုးမြကျော် – ဒါဆို အဲဒီဘိန်းအပေါ် ကောက်ခံသော ယစ်မျိုးခွန်အတွက် ဥပဒေပြုခွင့်ကို ဘယ်လိုခွဲဝေထားတာပါလဲဘကြီး။

ဘကြီးစိုး – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြည်နယ်ဥပဒေပြုစာရင်းကိုကြည့်ရင် ပြည်နယ်အချို့မှာ ဘိန်းစိုက်ပျိုးရောင်းဝယ်မှု အမြစ်တွယ်ရှင်သန်လာခဲ့ရတဲ့ အကြောင်းရင်းအချို့ကို တွေ့ရလိမ့်မယ်။ အဲဒါကတော့ ပြည်နယ်ဥပဒေပြုစာရင်းရဲ့ စီးပွားရေးကိစ္စများ ခေါင်းစဉ်အောက်မှာ အခုလိုဖော်ပြထားခဲ့လို့ပဲ–

"ပြည်နယ်အတွင်းတွင် လုပ်ကိုင်သော၊ သို့တည်းမဟုတ် ထွက်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သော နိုင်ငံဖြစ်ပစ္စည်း အကောက်အခွန်များနှင့် ပြည်ထောင်စုနိုင်ငံအတွင်းရှိ အခြားဒေသများတွင်လုပ်ကိုင်သော၊ သို့တည်းမဟုတ် ထွက်သော အလားတူ ကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့် နှိုင်းညှိအကောက်အခွန်များ။

(က) **သောက်သုံးသော သေရည်သေရက်၊**
(ခ) **ဘိန်း၊**
(ဂ) **ဆေးခြောက်၊ မူးယစ်ထုံထိုင်းစေတတ်သောဆေးများ၊ မမူးမယစ် မထုံမထိုင်းစေတတ်သောဆေးများ၊**
(ဃ) **အရက်ပြန်ပါသော၊ သို့တည်းမဟုတ် အထက်ပါ(ခ)နှင့်(ဂ)တွင် ဖော်ပြထားသော အရာဝတ္ထုများပါသည့် ဆေးများနှင့် လှသန့်ကုန်များ"**

ကြီးကြီးမြ – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အဲဒီလို ဟာကွက်ပျော့ကွက် အားနည်းချက်တွေကြောင့် နယ်ချဲ့နဲ့ နယ်ချဲ့လက်ပါးစေတွေ မြန်မာနိုင်ငံမှာ ထားရစ်ခဲ့တဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကို ယနေ့ထက်တိုင် သားစဉ်မြေးဆက် တိုက်ဖျက်နေရတာပေါ့ကွယ်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော ကွန်ဗင်းရှင်း(1961 Single Convention on Narcotic Drugs)ကို လက်ခံပါဝင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ဖို့ရည်ရွယ်ချက်နဲ့ ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေနဲ့အညီ မိမိနိုင်ငံအနေနဲ့လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်နှိမ်နင်းနေတယ် မဟုတ်လားဘကြီး။

ဘကြီးစိုး – အဲဒီလိုမြန်မာနိုင်ငံက မူးယစ်ဆေးဝါးနှိမ်နင်းရေးကို တစိုက်မတ်မတ် အားသွန်ခွန်စိုက် ဆောင်ရွက်နေစဉ်မှာပဲ ကမ္ဘာ့နိုင်ငံအများအပြားမှာ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေရဲ့ အန္တရာယ်ဟာ တစ်နေ့တခြားကြီးထွားလာပြီး လူသားမျိုးနွယ်တွေကို အန္တရာယ်ပြုလာခဲ့တယ်။ ဒါကြောင့် ကုလသမဂ္ဂက ၁၉၈၈ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်တဲ့ ကွန်ဗင်းရှင်း တစ်ရပ် ပြဋ္ဌာန်းခဲ့တယ်။ အဲဒီကွန်ဗင်းရှင်းအရ ၁၉၉၃ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို တစိုက်မတ်မတ်နဲ့ အားသွန်ဆောင်ရွက်ခဲ့တာ မှတ်တမ်းမှတ်ရာတွေ အထင်အရှားရှိနေတယ်လေ။

ကြီးကြီးမြ – အဲဒီလိုဆောင်ရွက်ခဲ့လို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းလုံးဝ မစိုက်ပျိုးသည့်နယ်မြေ(Opium Free Zone) အဖြစ် ကမ္ဘာသိ သတ်မှတ်ကြေညာနိုင်ခဲ့တယ်။ တခြားဒေသတွေကိုလည်း အဲဒီလိုသတ်မှတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်။ တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ ကာလသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိတယ်။

စိုးမြကျော် – မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ဟာ တစ်မျိုးသားလုံးရဲ့ အန္တရာယ်ဖြစ်တာကြောင့် အမျိုးသားရေးတာဝန်အဖြစ် စဉ်ဆက်မပြတ် တိုက်ဖျက်နေသလို အနာဂတ်ကာလတွေမှာ အမြစ်ဖြတ်ချေမှုန်းသုတ်သင်နိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာဟာ သင့်မြတ်မှန်ကန်လှပါတယ်ခင်ဗျာ။ ။

ပြည်သူတွေ မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ချောမွေ့သွက်လက်ပြီး စနစ်တကျ လည်ပတ်နိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေး ကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်သင့်တာကြောင့် ပြည်ထောင်စု ဥပဒေပြုစာရင်း မှာ ထည့်သွင်းဖော်ပြထားတာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းနိုင်မည်

✳ ကျောဖုံးမှ

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြိတ်တက္ကသိုလ်မှ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြိတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ မိသားစုဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမား များ၊ အလုပ်သမားများ၊ ရော်ဘာနှင့် ဆီအုန်းလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း အင်အား ၁၃၅၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေရာယူ

လူထုအစည်းအဝေး မစတင်မီ နံနက် ၄နာရီခွဲမှစတင်၍ စစ်ကြောင်းမှူး မြိတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင် ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပညာရေး ဝန်ထမ်းများ၊ မြိတ်တက္ကသိုလ်မှ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ သဘင်ပညာရှင်များ အစည်း

မြိတ်မြို့မှ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် အမျိုးသားစာပေဆုရှင် ဦးမြင့်သိမ်း(တက္ကသိုလ်ကိုလတ်) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။(သတင်းစဉ်)

မြိတ်မြို့မှ ရေလုပ်ငန်းရှင် ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးသက်စိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီတာအုန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မြိတ်မြို့မှ ရော်ဘာလုပ်ငန်းရှင် Phola Min Trading Co., Ltd ဒါရိုက်တာ ဦးဇော်ဇော်မိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

အရုံးဝင်များ၊ ဗီဒီယိုအခြေခံ အဖွဲ့ဝင်များ၊ ထားဝယ်စု၊ ကန်ကြီး၊ မြစ်ငယ်၊ တလိုင်းစုနှင့် ဆိပ်ငယ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများ၊ ကလွင်ကျေးရွာမှ ကျေးရွာသူကျေးရွာသားများ စုစုပေါင်းအင်အား ၃၃၀၀ကျော် ပါဝင်သည့် အနော်ရထာစစ်ကြောင်းသည် စုရပ်ဖြစ်သော မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှနေ၍လည်းကောင်း၊စစ်ကြောင်းမှူးမြိတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဝေ ဦးဆောင်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင် များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပညာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ နောက်လယ်၊ ဈေးတန်း၊ ကန်ခေါင်းနှင့် မြိတ်တောင်ရပ်ကွက်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား၃၅၀၀ကျော် ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်းသည် စုရပ်ဖြစ်သော မြိတ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်း ကျောင်းမှနေ၍လည်းကောင်း၊စစ်ကြောင်းမှူးမြိတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်ဦးဆောင်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၊ အလယ်ကျွန်းနှင့် ကန်ဖျားရပ်ကွက်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၂၀၀ကျော်ပါဝင်သည့် အောင်ဇေယျစစ်ကြောင်းသည် စုရပ်ဖြစ်သော ကန်ဖျားရပ်ကွက် မီးစက်ကြီး လမ်းဆုံမှနေ၍ လည်းကောင်း၊ စစ်ကြောင်းမှူး မြိတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်ထွန်းဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ် တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သူနာပြုများ၊ ကုမ္ပဏီဝန်ထမ်းများ၊ မြိတ်တောင် ကျေးရွာနှင့် ကန်ဖျားရပ်ကွက်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ကျော် ပါဝင်သည့် ဗန္ဓုလစစ်ကြောင်းသည် စုရပ်ဖြစ်သော ကန်ဖျားရပ်ကွက် မြေနီလမ်းဆုံမှနေ၍လည်းကောင်း နိုင်ငံတော်အလံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့်အတူ လူထုအစည်းအဝေး ကျင်းပရာ မြို့မအားကစားကွင်းသို့ တစ်ခဲနက် တက်ကြွစွာ ချီတက်လာကြပြီး မြို့မအားကစားကွင်းအတွင်း ဝင်ရောက်၍ သတ်မှတ်နေရာအသီးသီးတို့၌ စနစ်တကျ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သန်းဆွေက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ လူမှုထူးချွန်တတိယဆင့် သီရိသုမေ္မ မဏိဇောတဓရ ဦးကျားမောင်၊ ရေခဲစက်လုပ်ငန်းရှင် ဦးလှဝင်း၊ သီတာရေလုပ်ငန်း ကုမ္ပဏီမှ ဦးတင်ရှန်၊ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးဂွမ်နှင့် ဦးဘွန်ကြည်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ဇင်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ထို့နောက် သဘာပတိ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်၌ နိုင်ငံပေါင်း ၁၉၂နိုင်ငံရှိသည့်အနက် နိုင်ငံပေါင်း ၁၉၀ သည် ကိုယ်ပိုင်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကိုယ်စီရှိကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံးကို စုစည်းညီညွတ်စွာ အုပ်ချုပ်နိုင်ရန် ၁၉၄၇ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိခဲ့ကြောင်း၊ ယင်းနောက် ၁၉၄၇ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပျက်ပြယ်သွားပြီး ၁၉၇၄ခုနှစ်တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ထပ်မံရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ယင်း ၁၉၇၄ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ၁၉၈၈ခုနှစ်၌ ပျက်ပြယ်သွားပြီး လက်ရှိအစိုးရသည် နိုင်ငံတော်ပြိုကွဲပျက်စီးမသွားအောင်၊ တည်ငြိမ် အေးချမ်းမှု ရှိအောင်၊ ဖွံ့ဖြိုးတိုးတက်မှု ရှိအောင် ယနေ့အထိ ကြိုးပမ်းအားထုတ် ဆောင်ရွက်နေသည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းရန်လိုအပ်နေကြောင်း။

လက်ရှိနိုင်ငံတော်အစိုးရသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိအောင်နှင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီတည်ဆောက်ရေးပန်းတိုင်ကို လုံးဝ မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူ့ထံ ပြန်လည်အပ်နှင်းနိုင်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရသည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရန်အတွက် အဆင့်(၇)ဆင့်ပါသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်တွင် ချမှတ်ခဲ့ကြောင်း၊ ယင်းမူဝါဒလမ်းစဉ် (၇)ရပ်ပထမဆုံးအဆင့်အဖြစ် ဆောင်ရွက်ရမည့်အရေးအကြီးဆုံးလုပ်ငန်းကြီးမှာ ၁၉၉၆ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့လျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရေး ပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ၂၀၀၄ခုနှစ် မေလ၁၇ရက်မှ ဇူလိုင်လ ၉ရက်အထိ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း။

အမျိုးသားညီလာခံကျင်းပခြင်းသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးကြောင်း၊ မှန်ကန်မှုလည်း ရှိကြောင်း၊ အခြေခံအကျဆုံးလည်းဖြစ်ကြောင်း၊ ပထမဆုံးဆောင်ရွက်ရမည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပပြီးစီးမှသာ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်သွားနိုင်မည် ဖြစ်ကြောင်း။

အဆောက်အအုံတစ်ခုဆောက်လုပ်မည်ဆိုလျှင် ရေရှည်တည်တံ့ခိုင်မြဲရန် အခြေခံအုတ်မြစ်ချသည့် လုပ်ငန်းကို ပထမဦးစွာအချိန်ယူပြီး စေ့စပ်သေချာစွာ တည်ဆောက်ရန်လိုအပ်ကြောင်း၊ အခြေခံအုတ်မြစ်သည် အရေးကြီးကြောင်း၊ အခြေခံအုတ်မြစ် ခိုင်ခံ့ကောင်းမွန်မှုမရှိခဲ့လျှင် ယင်းအဆောက်အအုံသည် မကြာခင်မှာပင် အကြောင်းတစ်ခုခုကြောင့် လွယ်လွယ်ကူကူဖြင့် ပြုတ်ကျပျက်စီးသွားမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထွန်းကားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝ၊ လူမျိုးတို့၏အလေ့အထနှင့် ရာသက်ပန်ကိုက်ညီ အံဝင်ခွင်ကျဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် အလွန်အရေးကြီးကြောင်း၊ ယင်းကဲ့သို့ အမြဲတမ်းလိုက်လျောညီထွေမှု ရှိနေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နေ့ချင်းညချင်းပြီးအောင် ရေးဆွဲ၍မရနိုင်ကြောင်း။

ဤကဲ့သို့မဟုတ်ဘဲ ဒီမိုကရေစီဖော်ဆောင်ရေးကို အဆောတလျင် လုပ်ဆောင်အကောင်အထည်ဖော်လိုသည့်ဆန္ဒဖြင့် အချိန်ယူအလေးနက်ထား ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရအောင်မလုပ်ဘဲ ပေါ့ပေါ့ တန်တန်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလျင်စလိုအမြန်အကောင်အထည်ဖော်ရေးဆွဲ လုပ်ဆောင်မိလျှင် ၁၉၄၇ခုနှစ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကဲ့သို့ အမှားအယွင်းများ၊ လက်ရှိဘာဝနှင့်မကိုက်ညီမှုများ၊ သဘောမတူ ဆန္ဒမပါဘဲ လက်ခံရသည့်အခြေအနေမျိုးအဖြစ်မျိုးများရှိလာနေဦးမည်ဖြစ်ကြောင်း၊ ဤကဲ့သို့သာဖြစ်လာခဲ့လျှင် အနာဂတ်ကာလအရေးကြီးသည့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အမှားအယွင်းများ၊ အခက်အခဲများဖြစ်ပေါ်လာပြီး အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်ပြိုကွဲပြီး မလိုလားအပ်သည့်ဆိုးကျိုးများ ထပ်မံပေါ်ပေါက်လာနိုင်ကြောင်း။

ထို့ကြောင့် မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အတွက် သမိုင်းမော်ကွန်းတင်သွားမည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းအားပေး ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို မြိတ်မြို့မှ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အမျိုးသားစာပေဆုရှင် ဦးမြင့်သိမ်း (တက္ကသိုလ်ကိုလတ်)က တင်သွင်းရာတွင် ယနေ့အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး တစ်ခုအကြောင်းခံလျှင် တစ်ခုအကျိုးတရားဖြစ်လာရပါကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် ပြည်ထောင်စုကြီးပြိုကွဲမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုပြိုကွဲသည့်နေ့သည် လွတ်လပ်ရေးဆုံးရှုံးသော နေ့ဖြစ်မည်ဆိုသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲစေရန်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ပဓာနအကြောင်းရင်းခံဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးခြင်းကြောင့် ယနေ့ ပြည်ထောင်စုသားသွေးချင်းများအားလုံး တစ်စိတ်တစ်ဝမ်းတည်းအေးအတူပူအမျှ အတူတကွလက်တွဲ စည်းလုံးညီညွတ်စွာ နေထိုင်ကြရေးသည်သာ အရေးကြီးကြောင်း ဒီနေရာကနေ မိမိလေးလေးနက်နက် တင်ပြလိုပါကြောင်း။

၁၉၈၈ခုနှစ် အရေးအခင်းဖြစ်ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းတွင်ရှိသော အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကို အားပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိဖြစ်ထွန်းနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သော ရုပ်အခြေခံကုန်ထုတ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို အစိုးရနှင့်ပြည်သူ လက်တွဲ ပြီး အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း။

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် မိမိနိုင်ငံအရေး မိမိတို့ကိုယ်တိုင် မျှော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေသော အချိန်အခါဖြစ်ကြောင်း၊ နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှသာ စည်းကမ်းပြည့်ဝသောမှန်ကန်သည့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းနိုင်မည်ဖြစ်သကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းနေမှလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး အစွန့်ရှည်ခိုင်မြဲစေရန်နှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် ကောင်းမြတ်ခိုင်ခံ့ပြီး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ★

အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍနှင့် ပတ်သက်ပြီး တပ်မတော်က ပါဝင်ထမ်းဆောင်သင့်သည်မှာ မှန်ကန်သင့်မြတ်

★ စာမျက်နှာ ၁၀ မှ

အရှည်တည်တံ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအကောင်အထည်ဖော်နေသော အမျိုးသားညီလာခံကြီး၏ လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များ တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်အပေါ် နှောင့်ယှက်ဖျက်ဆီးရန် ကြံရွယ်နေသည့် အဖျက်သမားမှန်သမျှကိုလည်း ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်သွားကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းကြောင်းဖြင့် အဆိုပြုတင်သွင်းသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မြိတ်မြို့မှ ရေလုပ်ငန်းရှင် ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးသက်စိုးက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းမွန်မှုအပေါ်တွင် မူတည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြီးပွားချမ်းသာရေးတို့သည် ယင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက မည်မျှကောင်းမွန်သည်၊ အခြေခံဥပဒေကို မည်သည့်အတိုင်းအတာအထိ ကျင့်သုံးနိုင်သည်ဆိုသည့် အချက်များအပေါ်တွင် မူတည်လေ့ရှိကြပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်ပင်ဖြစ်ပါကြောင်း၊ အသက်သွေးကြောဟူ၍လည်း ဆိုနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိလျှင် နိုင်ငံတစ်နိုင်ငံသည် ကြာရှည်စွာ ရပ်တည်နိုင်ဖွယ်မရှိပါကြောင်း၊ အခြေခံဥပဒေသည် နိုင်ငံကိုအုပ်ချုပ်သည့် အစိုးရအား ထိန်းကျောင်းပေးသကဲ့သို့ အစိုးရမဟုတ်သည့် အင်အားစုကိုလည်း ထိန်းကျောင်းပေးပါကြောင်း။

| တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်နီလာအေး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမျိုးသန့် (အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့၏ အခြေခံဥပဒေများတွင် သက်ဆိုင်ရာနိုင်ငံ၏ ရေမြေ၊ သဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သမိုင်းကြောင်းအစဉ်အလာ၊ ပထဝီအနေအထား၊ နိုင်ငံရေး၊ စီးပွားရေးအနေအထားများ စသည်တို့နှင့် လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံကို ပြုစုရေးဆွဲလေ့ရှိကြပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မတိုင်မီက အခြေခံဥပဒေနှစ်မျိုးကို ကျင့်သုံးရေးဆွဲခဲ့ပြီးဖြစ်သော်လည်း ယင်းဥပဒေနှစ်ရပ်စလုံးသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် နောက်ပိုင်းတွင် ပျက်ပြယ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တစ်နည်းပြောရလျှင် နိုင်ငံတော်အစိုးရက တာဝန်ယူရသောကာလတွင် အခြေခံဥပဒေမရှိဘဲ နိုင်ငံတော်အစိုးရက ရွာသစ်တည်၍ ပြည်သစ်ဆောက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်း၄၀ ကာလအတွင်း နိုင်ငံတော်တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုများ လျော့ကျသွားခဲ့ခြင်းကိုလည်း ပြန်လည်ဆယ်တင်ပေးရသည့် ကာလလည်းဖြစ်ခဲ့ပါကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်အတွက် အဓိကအရေးကြီးဆုံးလိုအပ်ချက်ဖြစ်သော အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းရန်လိုအပ်လာပြီဖြစ်၍ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး ရေးဆွဲအကောင်အထည်ဖော်ပေးနေပြီ ဖြစ်ပါကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံပါဝင်သော ကိုယ်စားလှယ်များက ယင်းအခြေခံဥပဒေသစ် ရေးဆွဲနေခြင်းဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အပြည့်အဝယုံကြည်ပြီးသားဖြစ်ပါကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင် ဦးမြင့်သိမ်း တင်သွင်းသွားသော အမျိုးသားညီလာခံကြီး ကြိုဆိုထောက်ခံခြင်း အဆိုအား တက်ရောက်လာသော ပြည်သူလူထုကြီးကိုယ်စား လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီတာအုန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် တိုင်းပြည်တစ်ပြည် (လူ့အဖွဲ့အစည်းတစ်ခု) စနစ်သစ်တစ်ခုကို တည်ဆောက်ရာတွင် မိမိတို့စိတ်အလိုဆန္ဒရှိတိုင်း လုပ်ဆောင်၍မရနိုင်ပါကြောင်း၊ အတိတ်က မိမိတို့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း၊ စီးပွားရေးစနစ်ဟောင်းများ၏ ကန့်သတ်ချက်များ၊ အနှောင်အဖွဲ့များကို အရင်းတည်ပြီး တဖြည်းဖြည်း တစ်စတစ်စဖြင့်သာ အကောင်အထည်ဖော်သွားရလေ့ရှိကြောင်းကို ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုထားပါကြောင်း။

ယနေ့ မြန်မာနိုင်ငံတော်အစိုးရက ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက်လိုအပ်လျက်ရှိသော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲအကောင်အထည်ဖော်ပေးနေပါကြောင်း၊ ဤကဲ့သို့ အကောင်အထည်ဖော်သည့်နေရာတွင် အလောတကြီး အဆောတလျင် အကောင်အထည်ဖော်၍ မရနိုင်ပါကြောင်း၊ ကိုယ့်နိုင်ငံ၏ သမိုင်းကြောင်းများ၊ မျက်မှောက်ကာလ လူ့ဘောင်အဖွဲ့အစည်း၏ ဒိဋ္ဌဓမ္မတည်ရှိနေမှုများ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများ တည်မြဲနိုင်ရေးအတွက် လိုအပ်သော ရုပ်အခြေခံကုန်ထုတ်စွမ်းအားစုများ အနေအထားနှင့် အမှန်တကယ်လိုအပ်မည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ အားလုံးကို လေ့လာသုံးသပ်ပြီး အားနည်းချက်၊ အားသာချက်များ ဆန်းစစ်ကာ နိုင်ငံနှင့်နိုင်ငံသားအားလုံးအတွက် လိုလားတောင့်တနေသော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အသစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရန် တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး အမျိုးသားညီလာခံကြီး ကျင်းပနေသကဲ့သို့ ယင်းညီလာခံကြီးက အနာဂတ်နိုင်ငံတော်သစ် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများကို ချမှတ်နေခြင်းကြောင့် အဆိုရှင် ဦးမြင့်သိမ်း တင်သွင်းသွားသော အမျိုးသားညီလာခံကြိုဆိုထောက်ခံခြင်း အဆိုကို ပြည်သူလူထုကြီးကိုယ်စား လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မြိတ်မြို့မှ ရော်ဘာလုပ်ငန်းရှင် Pho La Min Trading Co., Ltd. ဒါရိုက်တာ ဦးဇော်ဇော်မိုးက ထောက်ခံဆွေးနွေးတင်ပြရာတွင် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံအဝန်းရှိ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးမည့် အမျိုးသားညီလာခံကြီးဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးအား ဆန့်ကျင်၊ ကန့်ကွက်ဖျက်ဆီးသူများသည် တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ဖျက်ဆီးရာရောက်ခြင်းကြောင့် တစ်မျိုးသားလုံး၏ ဘုံရန်သူအဖြစ် သတ်မှတ်ခြင်းခံကြရမည်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကြီးက အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူပြည်သားများအတွက် ခိုင်မာသောနိုင်ငံသားများ အခွင့်အရေးအပြည့်အဝပေးမည်ဖြစ်သောကြောင့် ယင်းညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန် အလွန်ပင်အရေးကြီးပါကြောင်း၊ အမှန်စင်စစ် ယင်းညီလာခံကြီးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေထိုင်လာနိုင်ရန်ဖော်ဆောင်ပေးနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတော်အတွက် အသင့်တော်ဆုံးသော အခြေခံဥပဒေထွက်ပေါ်လာမည့် အမျိုးသားညီလာခံကြီးလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်မှန်သော အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်နီလာအေးက ထောက်ခံဆွေးနွေးတင်ပြရာတွင် ကျင်းပပြုလုပ်နေသည့် ညီလာခံကြီးကို ဤလူမပါ၍၊ ဤအဖွဲ့မပါ၍ တရားမဝင်ဘူးဟုပြောကြားသည်များလည်း ရှိနေပါသေးကြောင်း၊ ထို့အပြင် သုံးဦးမျက်နှာချင်းဆိုင်ဆွေးနွေးလိုကြောင်း ဆိုသည်များကိုလည်း ကြားနေရပါကြောင်း၊ ယင်းကဲ့သို့ ပြောကြဆိုကြခြင်းသည် အလွန်ကျဉ်းမြောင်းသည့် အမြင်များဖြင့်ပြောနေခြင်းဖြစ်ပါကြောင်း၊ အားလုံးသဘောတူထားသည့် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၆ဦး တက်ရောက်ပြီး ဆွေးနွေးတိုင်ပင်ညှိနှိုင်းသည်ထက် ပိုကောင်းတာရှိနိုင်မည် မဟုတ်ကြောင်း။

အမျိုးသားညီလာခံကို တက်ရောက်နေကြသော ကိုယ်စားလှယ်များကို ကြည့်လိုက်လျှင်လည်း ပြည်နယ်၊ တိုင်း အသီးသီးမှ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာတို့တွင် အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များ၊ ဒေသအတွင်း ပညာတတ်ပြီး ယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များက ကိုယ်စားပြုပြီး တက်ရောက် ဆွေးနွေးနေကြခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ပကတိအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတို့နှင့် ဆက်စပ်ပြီး ယထာဘူတကျကျ တွေးခေါ်ရှုမြင်ကာ မိမိနိုင်ငံတော်နှင့် မိမိလူမျိုးအတွက် ယခုကဲ့သို့ အမှန်ကန်ဆုံး၊ အမွန်မြတ်ဆုံး၊ တန်ဖိုးအရှိဆုံးသော အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ယင်းအမျိုးသားညီလာခံကြီးအား ဖော်ဆောင်ပေးနေသော နိုင်ငံတော်အစိုးရနှင့် ညီလာခံကိုယ်စားလှယ်များအားလုံးကိုလည်း ပြည်သူလူထုကြီးကိုယ်စား ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် အဆိုရှင် ဦးမြင့်သိမ်း တင်သွင်းသွားသော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမျိုးသန့် (အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်ထဲတွင် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် "တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး" ဟူသော အချက်ပါရှိပါကြောင်း၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့်ပတ်သက်ပြီး တပ်မတော်က ပါဝင်ထမ်းဆောင်သင့်သည်မှာ မှန်ကန်သင့်မြတ်လှပါကြောင်း၊ မြန်မာ့သမိုင်းကြောင်း အစဉ်အလာကိုပြန်ကြည့်လျှင် တွေ့မြင်နိုင်ပါကြောင်း၊ အမျိုးသားတပ်မတော်သည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုစွမ်းရည်သုံးရပ် ပြည့်စုံမှုလည်းရှိပြီး အခြေခံအရည်အချင်း ငါးပါးပြည့်ဝစေရန်လည်း ထာဝစဉ်ကြိုးပမ်းနေထိုင်လျက်ရှိပါကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေးနှင့် စိတ်ဓာတ်တည်းဟူသော တပ်မတော်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကျင့်သုံး၍ နေထိုင်လျက်ရှိပါကြောင်း၊ မည်သည့်အခက်အခဲ အကျပ်အတည်းဖြင့် ကြုံတွေ့ရစေကာမူ နိုင်ငံနှင့် ပြည်သူအတွက် မားမားမတ်မတ်ရပ်တည်ပေးခဲ့ပြီး မြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်လုံးတွင်လည်း တပ်မတော်သာလျှင် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားရေးတာဝန်ကို အမြဲတမ်း တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် နိုင်ငံတော်အား ထိန်းသိမ်းနိုင်စွမ်းရှိသော တစ်ခုတည်းသော အင်အားစုကြီးမှာ အမျိုးသားတပ်မတော်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်အားတောင့်တင်းပြီး အမျိုးသားအင်အားစုကြီးတစ်ရပ်ဖြစ်သော မျိုးချစ်တပ်မတော်သာလျှင် အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ အမှန်တကယ်ဦးဆောင်သင့်သည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ခြင်းကြောင့် အဆိုရှင် ဦးမြင့်သိမ်းတင်သွင်းသွားသော အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့်ပတ်သက်ပြီး ထည့်သွင်းရေးဆွဲနေသော ဦးတည်ချက်အား ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုတစ်ရပ်လုံး၏ကိုယ်စား လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက ကြိုဆိုထောက်ခံကြောင်းကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်း မြိတ်မြို့၌ ကျင်းပသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း သဇင်မင်းရိပ်သာနေ ဒေါ်သောင်းသောင်းဝင်းမိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးဆောက်လုပ်ရန် မြေနှင့်အဆောက်အအုံအတွက် အလှူတော်ငွေ ကျပ် နှစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သာယာဝတီမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

သာယာဝတီမြို့နယ်အသင်း၏ သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာလမ်း ပဒုမ္မာကွင်းနှင့် မျက်နှာချင်းဆိုင်ရှိ ကျွန်းတောကျောင်းတိုက်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ခံနိုင်ရန်အတွက် အသက် (၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၊ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် (ငြိမ်း) ဖုန်း-၀၉၈၀ ၂၀၆၈၀၊ အတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း-၆၅၂၉၀၆၊ တွဲဖက်အတွင်းရေးမှူး ကိုသက်မော်ဦး ဖုန်း-၂၉၂၈၂၈ တို့ထံ ဇန်နဝါရီ ၂၇ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၈ရက်က ကျင်းပသော သထုံအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းဝင်သားသမီးများအနက် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ကျော်သူဟိန်းအား ဥက္ကဋ္ဌ ဦးစောလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

▲ စာမျက်နှာ ၇ မှ

သမိုင်းပထမဆုရ ဧရာဝတီတိုင်း ရွှေမြင်တင် အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်အောင်ငြိမ်း၊ ဘောဂဗေဒ ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇော်ထူးလွင်နှင့် စိတ်ကြိုက်မြန်မာစာ ပထမဆုရ ဧရာဝတီတိုင်းမှ ပြင်ပဖြေဆိုသူ မောင်စိုးကျော်သူတို့အားလည်းကောင်း၊ အလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်(စာအုပ်ဆု)ရ **"မြန်မာ့မြို့ဟောင်း တကောင်းရုပ်ပုံလွှာ"** ရေးသားသူ ချစ်စံဝင်းနှင့် **"မြိုင်မြို့နယ်ဖွားစာဆိုများ"** ရေးသားသူ ဒေါက်တာသက်လွင်တို့အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဆုရသူများကိုယ်စား ၂၀၀၅ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု တစ်သက်တာစာပေဆုရ ဆရာမကြီး ဒေါ်သိန်းဆိုင်(မမြတ်လေး)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင် ပခုက္ကူဦးအုံးဖေတို့သည် ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများ ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည့်ညိုကြစဉ်။ (သတင်းစဉ်)

"နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိကစွမ်းအားဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည့် မြန်မာ့ပညာရေးကို နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်အောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစို့"

(ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုလျက်)

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ ရွှေတိဂုံစေတီတော်ကြည်ညို၊ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများသည် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေးအေးကြိုင်နှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ သူရဲကောင်းစစ်သည်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ရန်ကုန်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် သူရဲကောင်းစစ်သည်ဗိမာန်ရှိ ကင်းသစ်၊ ကင်းဟောင်းလဲလှယ်မှု စစ်ရေးပြအစီအစဉ်ကို လေ့လာကြည့်ရှုပြီး သူရဲကောင်းစစ်သည်များအား ပန်းခြင်းချ အလေးပြုကြသည်။

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ် ဦးကျော်မြင့်ဦးနှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ဒဂုံတက္ကသိုလ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဒဂုံတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်း၊ (၂၀၀၆)ခုနှစ် ဒဂုံတက္ကသိုလ် ပြက္ခဒိန်နှင့် ဓာတုဗေဒ ဂျာနယ်များကို ပေးအပ်ပြီး အထိမ်းအမှတ်အလံများ လဲလှယ်ကြသည်။

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ပါမောက္ခချုပ် ဦးတင်စိုးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ယဉ်ကျေးမှု တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ ဂီတပညာဌာနနှင့် သဘင်ဌာနတို့မှ ကျောင်းသားကျောင်းသူများ၏ ဂီတနှင့် သဘင်အနုပညာတို့ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး အထိမ်းအမှတ်အလံများ လဲလှယ်ကြသည်။

လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) သို့ ရောက်ရှိကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားလုပ်ငန်းရေးရာအဖွဲ့ အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကြိုဆို နှုတ်ခွန်းဆက်စကားနှင့် အားကစားဝန်ကြီးဌာနက မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ အားကစား သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် စမ်းချောင်းမြို့နယ်ရှိ ဒဂုံစင်တာသို့ သွားရောက်၍ပထမထပ်၌ ဖွင့်လှစ်ထားသော အရောင်းဆိုင်များကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ကျောက်တံတားမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ စုံညီပွဲတော်နှင့် မြို့နယ်အဆင့် ဘာသာစုံ၊ ဘက်စုံထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မင်းဗညားထောပိုင်အား ကျောင်းအုပ်ကြီး ဦးသိန်းဇော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ထူးခြားသည့် ညအပူချိန်များ

(၂၁-၁-၂၀၀၆)

နမ့်စန်
သုညဒီဂရီစင်တီဂရိတ်

လားရှိုး
၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၄ ဒီဂရီစင်တီဂရိတ်

Air Bagan Limited ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သည့် Air Bagan Limited တွင် အားဖြည့် အသုံးပြုမည့် ATR-72 လေယာဉ်တစ်စင်းသည် ယနေ့နံနက် ၁၀နာရီ ၁၅ မိနစ်တွင် ပြင်သစ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည်။ **(အောက်ပုံ)**

ယခုအခါ Air Bagan Limited သည် Fokker-100လေယာဉ်တစ်စင်း၊ ATR-42လေယာဉ်နှစ်စင်း၊ ATR-72 လေယာဉ်နှစ်စင်း စုစုပေါင်း လေယာဉ်ငါးစင်းဖြင့် ပြည်တွင်းခရီးစဉ်များကို တိုးချဲ့ပျံသန်း ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း မြသိန်းတန်အောင် ဓမ္မာရုံကြီးတွင် ကိန်းဝပ်စံပျော် သီတင်းသုံးတော်မူသော ပြည်တော်ပြန်တန်ခိုးရှင် မြသိန်းတန်ရုပ်ပွားတော်မြတ်ကြီး၏ (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ ရက်မှ ၂၇ရက်အထိ အသံမစဲမဟာပဋ္ဌာန်းတော်မြတ်ပူဇော်ပြီး ဇန်နဝါရီ ၂၈ ရက်တွင် အရှင်စရိယ (နိုင်ငံတော် သံဃာ့ဗဟိုဝန်ဆောင်) အောင်မင်္ဂလာကျားကျောင်း ဆရာတော်၊ ၂၉ ရက်တွင် ရွှေပြည်ဟိန်းကျောင်း အရှင်ခေမာ သီရိလင်္ကာရ (မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ) ဆရာတော်၊ ၃၀ ရက်တွင် အရှင်သုစိတ္တ (အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ) ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်၊ ၃၁ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် ဖေဖော်ဝါရီ ၁ရက်တွင် အရှင်ဆေကိန္ဒ (ကထိက၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်) ဆရာတော်များက တရားတော်များ ဟောကြားပြီး ဖေဖော်ဝါရီ ၅ ရက်တွင် ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ရေစက်ချပွဲဆင်နွှဲပူဇော်မည်ဖြစ်သည်။ (က-ပ)

မဟာတေဇမုနိစေတီတော် သတ္တဌာန ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် သတ္တဌာန မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်း၊ ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို၍ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပြီး ပန်းလည်တိုင်ကို စိုက်ထူပူဇော်ပေးသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာ ဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၃၆ ပါး ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော် ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဌာပနာတော်များနှင့် ပန်းလည်တိုင်တို့ကို စေတီတော်မြတ်အား ရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော်များအား သင်္ကန်း အစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် ရေးစပ်သီကုံးပူဇော်သည့် ထုတိဩဘာ မင်္ဂလာဧကေပိုဒ်ရတုကို သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မူလဌာပနာတော်များ၊ အလယ်ဌာပနာတော်များနှင့် ပန်းလည်တိုင်တို့ကို စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်ရန် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများသည် သတ်မှတ်နေရာ၌ ကြိုတင်နေရာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက ဌာပနာတော်ပစ္စည်းများနှင့် ပန်းလည်တိုင်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ပေးကြသည်။

ထိုအချိန်တွင် ပန်းတဉ်းတန်းဝတ်အသင်း မင်္ဂလာစည်တော်အဖွဲ့နှင့်တွဲဖက်၍ ခမ္ဘတေးများကို သီကျူးပူဇော်ကြသည်။

ထို့နောက် သတ္တဌာန မူလဌာပနာတော်များ ထည့်သွင်းပူဇော်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် မူလဌာပနာတော်တိုက်၌ ကြိုတင်နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် သတ္တဌာန ဌာပနာတော်များကို မူလဌာပနာတော်တိုက်အတွင်း ထည့်သွင်းပူဇော်ပြီး ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဌာပနာတော်များကို အစီအစဉ်အတိုင်း ထည့်သွင်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဌာပနာတော်သွင်းဂါထာ၊ ဇယမင်္ဂလာဂါထာတော်များကို သီကျူးရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ပရိသတ်များသည် အလယ်ဌာပနာတိုက်၌ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပေးကြပြီး အလယ်ဌာပနာတော်တိုက်ကိုပိတ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည် ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် စေတီတော်အထွတ်တွင် ပန်းလည်တိုင်ကို စိုက်ထူပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အဖွဲ့ဝင်များသည် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာတေဇမုနိ စေတီတော်မြတ်အတွက် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နံနက် ၉နာရီ ၁၅ မိနစ်တွင် အဆိုပါစေတီတော်၏ ဂန္ဓကုဋိတိုက်၌ ဆက်လက် ကျင်းပရာ အလှူရှင် ၇၈ ဦးတို့၏ လှူဒါန်းငွေကျပ် ၂၆၉၇ သိန်းကျော်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် ပန်းလည်တိုင်ကို စေတီတော်မြတ်အား ရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန် ညီလာခံကို ဒုတိယနေ့အဖြစ် ဇန်နဝါရီ ၁၉ရက် နံနက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့အစီအစဉ်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် Ranbaxy တို့ပူးပေါင်း၍ ကလေးများတွင်တွေ့ရသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) ကုသမှုဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲကို နံနက် ၁၀နာရီခွဲတွင်ကျင်းပရာ ရှေးဦးစွာ သဘာပတိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါဌာန ဌာနမှူး Professor Mr. Rai Mra က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ချင်းမိုင် တက္ကသိုလ် Faculty of Medicine Department of Medicine and Allergy Section Head of Clinical Immunology မှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာ Prakong Vithayasai နှင့် ရန်ကုန် ဆေးတက္ကသိုလ်(၂) ကလေးဆေးပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာခင်ငြိမ်းလှိုင်တို့က ကလေးများတွင် တွေ့ရသော ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV/AIDS)ကုသမှုဆိုင်ရာနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် Ranbaxy တို့ ပူးပေါင်း၍ ကလေးများတွင်တွေ့ရသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကုသမှုဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲကို သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၂၄ ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ဓမ္မရောင်ခြည်ဦး ဓမ္မာရုံ၊ ၂၆ရက် ညတွင် သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ ၂၇ ရက် ညတွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင် အရဏ်တော်ဝတ်အသင်း ဓမ္မာရုံ၊ ၂၈ရက်မှ ၃၀ ရက်အထိ ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိ ၅လမ်း၊ ၃၁ရက် ညတွင် ဗဟန်းမြို့နယ် ဆရာစံမြောက်/အရှေ့ အရှေ့ဈေးဟောင်းလမ်း နိဗ္ဗာန်ဆော်ဆွမ်းလောင်းအသင်း၊ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ရက် ညများတွင် သုံးခွမြို့နယ် အလင်းကုန်းကျေးရွာတို့၌ တရားတော်များဟောကြားတော်မူမည်ဟုသိရသည်။(က-ပ)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၂၁

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀နာရီ ၃၈မိနစ် ၁၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၂၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် -သခ်တမှ အသခ်တသို့
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် လူရိုးလူဖြောင့် (အပိုင်း-၂)**
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၀၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
၀၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ထုံးရယ်မပြယ် (အပိုင်း-၆)**
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ **ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်**
၁၆။ **English Premier League ဘောလုံးပွဲအစီအစဉ် – Manchester United Vs Liverpool**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

မြန်မာ့သမိုင်းတွင် မြန်မာစာပေ၏အရှိန်အဝါသည် အလွန်ကြီးမား ပြည်သူအများ လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ပေါ်ထွန်းလာရေး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် စာပေကဏ္ဍမှပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများ ချီးမြှင့်သည်။

ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုရ ဒေါ်သိန်းဆိုင် (မမြတ်လေး)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

တက်ရောက်

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင် ပခုက္ကူဦးအုံးဖေ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုများနှင့် စာကြည့်တိုက်ဆုများ ချီးမြှင့်သည့် အခမ်းအနားသို့ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရန် လွတ်လပ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားရန်လို မြန်မာ့ရေမြေသဘာဝ၊ လူမျိုးအလေ့အထနှင့် ရာသက်ပန်အံဝင်ခွင်ကျဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် အလွန်အရေးကြီး ယင်းကဲ့သို့ အမြဲတမ်း လိုက်လျောညီထွေရှိနေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နေ့ချင်းညချင်းပြီးအောင် ရေးဆွဲ၍မရနိုင် သမိုင်းမော်ကွန်းတင်မည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေး အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းအားပေး

ရန်ကုန် ဇန်နဝါရီ ၂၁

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၉ရက် နံနက် ၇နာရီတွင် တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးရှိ မြို့မအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

ကြေးမုံ
The Mirror

ဆောင်းပါးအညွှန်း

- *နယ်ချဲ့ခေတ်တုန်းကဆိုရင် လမ်း၊ တံတားတွေကို သူတို့ရဲ့အုပ်ချုပ်ရေးနဲ့ စီးပွားရေးလွယ်ကူ အဆင်ပြေစေဖို့လောက်သာ ရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့တာဖြစ်တယ်။ မိုင်တစ်ထောင်ကျော် ရှည်လျားစွာစီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးမှာ စစ်ကိုင်းတံတားတစ်စင်းပဲ တည်ဆောက်ပေးခဲ့တာကိုကြည့်ရင် နယ်ချဲ့ရဲ့ ရည်ရွယ်ချက်ကို အလွယ်တကူသိနိုင်ပါတယ်။*
- *၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ တစ်လကို တံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ ခုနှုန်းနဲ့ ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ပေးနိုင်ခဲ့တယ်။ အဲဒီလိုတည်ဆောက်နိုင်အောင် ကိုယ့်အခြေအနေနဲ့ကိုယ် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့ရတယ်။ ဒါကြောင့်မို့ နယ်ချဲ့ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကထက် ယနေ့ မျက်မှောက်ခေတ် ဆယ်စုနှစ်ကျော်အတွင်းမှာ လမ်းတံတားတွေ၊ ဆည်တမံတွေ ရာဂဏန်းနဲ့ချီပြီး ပိုမိုဖြစ်ထွန်းတိုးတက်လာတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား။*

စိုးမြကျော်၏ **"အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁၀)"** (ဆောင်းပါး) စာမျက်နှာ-၈-၉

တစ်ခဲနက်ကြွေးကြော်

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)